# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၅) ရက်၊ တနင်္ဂနွေနေ့ ၊ (6-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး MYANMAR CYBER SECURITY CHALLENGE 2023 (အလွတ်တန်းအဆင့်)ပြိုင်ပွဲ တက်ရောက်ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး Myanmar Cyber Security Challenge 2023 (အလွတ်တန်းအဆင့်)ပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၅**

Myanmar Cyber Security Challenge 2023 (အလွတ်တန်းအဆင့်)ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့်အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၂၂၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ စာမျက်နှာ - ၃၀

ပြည်တွင်းစားသုံးမှုသာမက ပွေးမြူရေးထွက်ကုန် အခြေခံစားသောက်ကုန်ချော ထုတ်လုပ်တင်ပို့မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေး ဆောင်ရွက်လျက်ရှိ စာမျက်နှာ - ၁၆

မိုးရာသီ ဈေးရောင်းပွဲတော် ဒုတိယနေ့ ဆက်လက်ရောင်းချစားသုံးဆီ အရောင်းဆိုင်များတွင် လာရောက် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိ စာမျက်နှာ - ၁၇






ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်
အယ်ဒီတာ့အာဘော်

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင် ပူးပေါင်းပါဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၁၂ ရပ်တွင် နိုင်ငံ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး ဟူသောအချက်တစ်ချက်ပါဝင်ပါသည်။ ထို့ကြောင့် ပြည်သူများ ကျန်းမာသက်ရှည်ရန်အတွက် အာဟာရပြည့်ဝမျှတမှုရှိရန် အလွန်ပင် လိုအပ်လှပါသည်။ အာဟာရပြည့်ဝမျှတမှသာ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့အကျိုးပြုသားကောင်းရတနာများ ပေါ်ထွက်လာမည်ဖြစ်ရာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို အစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်ပေးနိုင်စေရန် ရည်မှန်း၍ နှစ်စဉ် ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ်လ ပထမသီတင်းပတ်ကို မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယသီတင်းပတ်ကို ငါးနှစ်အောက် ကလေးများ၊ ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထသီတင်းပတ်ကို အိုင်အိုဒင်းချို့တဲ့မှု ရောဂါများပပျောက်ရေး ရက်သတ္တပတ်များအဖြစ် နှစ်စဉ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

ယခု ဩဂုတ်လပထမသီတင်းပတ်သည် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်ဖြစ်ရာ ရင်သွေးငယ်များအတွက် ကျန်းမာရေးအကျိုးကျေးဇူး အလွန်မြင့်မားလှသော မိခင်နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ မိခင်များကို နားလည်လိုက်နာဆောင်ရွက်နိုင်စေရန် တာဝန်ရှိသူအားလုံးက ပံ့ပိုးကူညီပေးသင့်ပါသည်။

ရင်သွေးငယ်မွေးဖွားပြီး ပထမ ခြောက်လထိ မိခင်နို့တစ်မျိုးတည်းကို တိုက်ကျွေးခြင်းသည် မိမိရင်သွေးငယ်အတွက် မရှိမဖြစ်လိုအပ်သော အစာအာဟာရများကို ဖြည့်တင်းပေးသည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ မိခင်အတွက်လည်း နို့တိုက်ကျွေးခြင်းသည် ကယ်လိုရီ လောင်ကျွမ်းကာ ကိုယ်အလေးချိန်အကျမြန်ပြီး ရင်သားကင်ဆာ၊ သားဥအိမ်ကင်ဆာများ၊ အရိုးပွရောဂါများဖြစ်ပွားစေမှု လျော့ပါးသွားမည့်အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဖြစ်ပါသည်။ ထို့ပြင် မိမိ၏ ရင်သွေးနှင့် ချစ်ခြင်းမေတ္တာပေါင်းကူးယှက်နွယ်မှု ပိုမိုခိုင်မာအားကောင်းလာစေရုံသာမက ဈေးနှုန်းမြင့်မားလှသော မိခင်နို့အစားထိုး နို့မှုန့်နှင့် ဖြည့်စွက်စာများဝယ်ယူရန် မလိုအပ်တော့သောကြောင့် အချိန်နှင့် ငွေကုန်ခြင်း သိသိသာသာ သက်သာစေနိုင်ပါသည်။

နိုင်ငံတော်၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုတွင် ပြည်သူများ စိတ်ဝင်တစား ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိ၏ ရင်သွေးငယ်ကလေးများ ကျန်းမာသန်စွမ်း၊ ဉာဏ်ရည်ထက်မြက်သူများအဖြစ် ကြီးပြင်းလာကြမည်ဖြစ်ပါသည်။ ထို့ပြင် ကလေးဘဝမှ လူငယ်လူရွယ် လူကြီးအဖြစ်သို့ ကူးပြောင်းရာတွင်လည်း ညှောင်နာနာ၊ ကုပ်ချည့်ချည့်၊ ပေကြောင်ကြောင်၊ အူတူတူကလေးများ အဖြစ်မဟုတ်ဘဲ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော နှလုံးလှနိုင်ငံ့သားကောင်းရတနာများ အဖြစ် နိုင်ငံအတွက် စွမ်းအားပြည့်စွမ်းဆောင်နိုင်သူများဖြစ်ပေါ်လာပေမည်။ ထို့ကြောင့် မိသားစုဘဝ ကျန်းမာပျော်ရွှင်ရေး လက်ငင်းအကျိုးရမည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများတွင် သက်ဆိုင်သူများအားလုံး လက်တွဲညီညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၂၉၃၂၃ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ကားလမ်းကကော စောင်းတန်းတွေကပါ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်လေ့လာကြပါတယ်။ စားသောက်ဆိုင်တွေနဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချကြပြီး ဝယ်ယူစားသောက်သူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရ ဓာတ်ပုံရိုက်သူတွေကိုလဲ တွေ့ရပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၂၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၂၇၂၀၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၉၉၃ ဦး လာရောက် ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

## တရုတ်နိုင်ငံကဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း ကြောင်ပန်းစေ့များ ဈေးကောင်းရရှိနေ

**မန္တလေး ဩဂုတ် ၅**

တရုတ်နိုင်ငံက ဝယ်ယူမှုကြောင့် မန္တလေး ဈေးကွက်အတွင်း ကြောင်ပန်းစေ့များ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ကြောင်ပန်းစေ့များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ယခုအခါ ကြောင်ပန်းစေ့များကို တရုတ်နိုင်ငံက တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၀ နှုန်းဖြင့် ဈေးပေးကာ ဝယ်ယူနေမှုကြောင့် ဈေးကောင်းရရှိကာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

"ကြောင်ပန်းပင်က အညာဒေသတွေမှာ မစိုက်ပျိုးဘဲ သဘာဝအလျောက် အလေ့ကျပေါက်ရောက်တဲ့ အပင်အမျိုးအစားဖြစ်တယ်။ အဓိကအနေနဲ့ အပူပိုင်းဒေသ သဲချောင်းအနီးပတ်ဝန်းကျင်နဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ကမ်းစပ်တွေမှာ အများအပြားပေါက်ရောက်ပြီးတော့ သဲဆန်တဲ့မြေမှာ ပိုပြီး ရှင်သန်မှုကောင်းတယ်။ အပင်အမြင့်က လူတစ်ရပ်လောက်ရှိပြီး အစေ့ကို ခူးဆွတ်ရောင်းချရတဲ့ အပင်အမျိုးအစားဖြစ်ပါတယ်" ဦးစိုးဝင်းမြင့်က ပြောပြသည်။

ကြောင်ပန်းစေ့များသည် ဝါဆိုလနှင့် ဝါခေါင်လတို့တွင် စတင်ထွက်ရှိကြောင်း၊ လက်ရှိတွင် မန္တလေး ဈေးကွက်အတွင်းသို့ မင်းဘူး၊ စလင်း၊ စကု၊ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ တောင်သာ၊ မကွေး၊ မြစ်သား၊ မိတ္ထီလာ၊ မုံရွာ၊ အောင်ပန်း စသည့် ဒေသတို့မှထွက်ရှိသော ကြောင်ပန်းစေ့များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

## မန္တလေးဈေးကွက်အတွင်း ကလေးဘက်မှဂျုံများ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဩဂုတ် ၅**

မန္တလေး ဈေးကွက်အတွင်း ကလေးဘက်မှဂျုံများ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ကလေးဘက်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှု ယခင်ကထက် ပိုမိုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ကလေးဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံတွေ မန္တလေးဈေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ကလေးဘက်ကဂျုံတွေကို မှာယူမှုပြန်ပြီး များပြားလာတာကြောင့် ပိဿာ ၆၀ ဝင် တစ်အိတ်ကို ငွေကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လနောက်ဆုံးပတ်က ကလေးဘက်မှထွက်ရှိသည့် ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာပေါက်ဈေးရှိကြောင်း၊ ယခုအခါ ဂျုံများကိုဝယ်ယူမှု များလာခြင်းကြောင့် ယနေ့တွင် ကလေးဘက်မှ ထွက်ရှိသည့်ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ကလေးဘက်မှ ထွက်ရှိသည့် အရည်အသွေးကောင်းမွန်သည့် ဂျုံများကို မြို့နယ်အသီးသီးကလည်း မှာယူမှု များပြားလာသည့်အပြင် ပြည်တွင်းစားသုံးမှုလည်း မြင့်တက်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဂျုံဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် သီးပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**မလှိုင် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒဟတ်တန်းကျေးရွာအုပ်စု သီးပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံကာ VRFP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၂ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက သီးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၂ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မိုးမိတ်မြို့နယ် ကြိမ်တောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မိုးမိတ် ဩဂုတ် ၅**


ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကြိမ်တောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့်တာဝန်ရှိသူများက ကြိမ်တောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြိမ်တောကျေးရွာ၌ အလျား ၅၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၉ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၄၅၅၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၄၄၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၂၂၉၇၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၁၄၄၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံဧက ၂၀၀၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့တာ ဒီနေ့ထိ ဧက ၁၄၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ။ ဒီနှစ် ပဲမျိုးစုံသီးနှံ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထွက်ကောင်း မျိုးကောင်းမျိုးသန့်တွေကို သုံးစွဲဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်းဧက ၅၆၁၈၀၊ ထောပတ်ပဲ ၇၇၅ ဧက၊ စွန်တာပြာ ၂၁၄၂ ဧက၊ ပဲစင်းငုံ ၈၅၄၅၅ ဧက၊ အခြားပဲ သုံးဧက စုစုပေါင်း ၁၄၄၅၅၅ ဧကတို့ဖြစ်ကြောင်း၊ သီးနှံအလိုက် လျာထားမှုအနေဖြင့် ပဲတီစိမ်းဧက ၉၀၅၉၀၊ ပဲစင်းငုံ ၁၃၆၁၃၅ ဧက၊ စွန်တာပြာ ၂၂၂၂ ဧက၊ ထောပတ်ပဲဧက ၇၉၀၊ အခြားပဲ သုံးဧက စုစုပေါင်းဧက ၂၂၉၇၄၀ တို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိစေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရန်၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရန်၊ အထွက်နှုန်း ကောင်းမွန်စေရန် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် အင်းကြားကျေးရွာ၌ မြေနိမ့်ကျောက်စရစ်လမ်းခင်းနိုင်ရေး စစ်ဆေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် အင်းကြားကျေးရွာ၌ မြေနိမ့်ကျောက်စရစ်လမ်းခင်းနိုင်ရေးတိုင်းတာခြင်းကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက အင်းကြားကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းများ မြေနိမ့်ကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေး လက်ရှိ မြေနေရာအနေအထား၊ အတိုင်းအတာနှင့် လမ်းအကျယ်ရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

အင်းကြားကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းများကို မြေနိမ့်ကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# သံတောင်ကြီးမြို့နယ် ထီးပူချီး(အောက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သံတောင်ကြီး ဩဂုတ် ၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ထီးပူချီး(အောက်)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များ၊ အကျုံးဝင်သောစီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ထီးပူချီး(အောက်)ကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**



# သီးနှံသိုလှောင်မှုနှင့် အစိုဓာတ်ပါဝင်မှု

## မျိုးသူ(ကုန်သွယ်မြှင့်)

သီးနှံများကိုစိုက်ပျိုးထုတ်လုပ်စဉ်တွင် မြေနှင့် ရေသည် အရေးကြီးဆုံးဖြစ်သည်ဟု နားလည်ထားသည်။ သီးနှံစိုက်ပျိုးရန်အတွက် မြေကြီးတွင် ရေဓာတ်ရှိရန် လိုအပ်သကဲ့သို့ သီးနှံမျိုးစေ့သည်လည်း အစိုဓာတ်ရှိနေရန်လိုအပ်သည်။ အပင်ပေါက်လာရန်အတွက် သီးနှံတွင် အစိုဓာတ်ရှိရန်လိုအပ်သည်။ သီးနှံတွင် အစိုဓာတ်ရှိနေမှသာ အသက်ရှိပြီး သီးနှံသည် ရှင်သန်ရန်လုပ်ငန်းစဉ်ကို လုပ်ကိုင်၍ အပင်ပေါက်လာမည်ဖြစ်သည်။

အဆိုပါသီးနှံများကိုပင် လူများစားသုံးနိုင်ရန်အတွက် သိုလှောင်သည့်အခါတွင်မူ သီးနှံအတွင်းအစိုဓာတ်ကို အသက်ရှင်သန်ရုံမျှသာ ထိန်းသိမ်းထားရန် လိုအပ်လာသည်။ သို့မှသာ မပျက်စီးဘဲ ရေရှည်သိုလှောင်ထားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သီးနှံများသိုလှောင်ရေးတွင် သီးနှံ၏ အစိုဓာတ်ပါဝင်မှုအတိုင်းအတာကို သတ်မှတ်ထိန်းသိမ်းပြီး သိုလှောင်နိုင်ရန် အရေးကြီးသည်ဟု နားလည်ထားရမည်။ သီးနှံကို သိုလှောင်ရောင်းဝယ်သူများသည် သီးနှံ၏အစိုဓာတ်ပါဝင်မှုကို နားလည်ကြသည်။ သို့ရာတွင် မည်မျှအရေးပါသည်ကို တစ်ခါတစ်ရံတွင် သတိမမူတတ်ကြသဖြင့် ပြန်လည်တင်ပြလိုသည်။

အစိုဓာတ်ပါဝင်မှုဆိုသည်မှာ အရာဝတ္ထုတစ်ခုတွင် ရေဓာတ်ပါဝင်မှု မည်မျှရှိသည်ကို ဖော်ပြသော ကိန်းဂဏန်းပမာဏဖြစ်သည်။ မြေကြီးအတွင်းတွင်လည်းကောင်း၊ ကျောက်တုံးကျောက်ခဲ၊ သတ္တု၊ သစ်သားနှင့် သီးနှံများတွင်လည်းကောင်း ပါဝင်သည့် ရေဓာတ်ကို သိပ္ပံပညာနှင့် နည်းပညာနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် ပြောပြကြပြီးဖြစ်သည်။ ယခုတင်ပြလိုသည့်အချက်များမှာ မြန်မာနိုင်ငံတွင် သိုလှောင်လေ့ရှိသည့်သီးနှံများနှင့်ပတ်သက်၍ မြန်မာ့ဝလေ၊ မြန်မာ့အခြေအနေ၊ ရာသီဥတုနှင့် သိုလှောင်ရုံများ၏အခြေအနေကိုလိုက်၍ တင်ပြလိုခြင်းဖြစ်သည်။

ထို့ပြင် သီးနှံများသည် ယခုအခါ တန်ဖိုးအားဖြင့် များစွာကြီးမားလာသဖြင့် ပျက်စီးဆုံးရှုံးမှုဖြစ်လျှင် ဆုံးရှုံးမှုတန်ဖိုးသည်လည်း များစွာကြီးမားသည်။ ထို့ပြင် အစိုဓာတ်ပါဝင်မှုများပြားသဖြင့် ဆက်စပ်သော ရောဂါများဖြစ်ပွားပြီး လူကို အန္တရာယ်ဖြစ်နိုင်သည်ကိုပါ သတိပြုရမည်ဖြစ်သည်။ ပြည်ပသို့တင်ပို့သည့် သီးနှံများတွင်လည်း အရည်အချင်းသတ်မှတ်ချက်များ ရှိထားသဖြင့် သီးနှံတွင်ပါဝင်သော အစိုဓာတ်သည် အရေးကြီးသည်။

### ဆန်စပါးနှင့် အစိုဓာတ်ပါဝင်မှု

ဆန် သို့မဟုတ် စပါးတွင် ပါဝင်သောရေဓာတ်အလေးချိန်ကိုအစိုဓာတ်ပါဝင်မှုဟု ခေါ်ကြသည်။ အစိုဓာတ်ပါဝင်မှုသည် သီးနှံ၏အလေးချိန်တွင် ပါဝင်နေသော ရေဓာတ်အလေးချိန်ဖြစ်သဖြင့် အစိုဓာတ်ပါဝင်မှု ရာခိုင်နှုန်းသည် သီးနှံ၏အလေးချိန်နှင့်ဆက်စပ်လျက်ရှိသည်။ သို့ဖြစ်၍ သီးနှံကိုမည်သို့ထားမည်၊ သိုလှောင်မည်၊ သိုလှောင်ခြင်းမပြုဘဲ ချက်ချင်းရောင်းချမည်စသည်ဖြင့် မည်သို့စီမံမည်ဆိုသည့် အခြေအနေနှင့် ဈေးကွက်အခြေအနေတို့အရ သီးနှံ၏အစိုဓာတ်ပါဝင်မှုကို ထိန်းသိမ်းထားရန်လိုအပ်လာသည်။

အထူးသဖြင့် စပါးပေါ်ချိန်တွင် ရာသီဥတုစိုစွတ်ခြင်းနှင့် မိုးရာသီအတွင်းဖြစ်လျှင် အစိုဓာတ်ပါဝင်မှုမြင့်မားနေလေ့ရှိသည်။ အစိုဓာတ်များသောစပါးများကို အိတ်ထဲချက်ချင်းထည့်လျှင် အပူဓာတ်ပါထွက်လာပြီး သီးနှံပျက်စီးမှုကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် နေလှန်းခြင်းနှင့် အခြောက်ခံစက်ကိရိယာများဖြင့် အခြောက်ခံလေ့ရှိသည်။ အစိုဓာတ်မြင့်သော စပါးသည် အလေးချိန်များနေမည်ဖြစ်သဖြင့် ချိန်တွယ်ရောင်းချသည့်အခါ ရောင်းချသူက တန်ဖိုးပိုမိုရရှိနိုင်သည်။ သို့သော် ဝယ်ယူသူများဘက်ကလည်း စပါးအစိုဓာတ်ပါဝင်မှုကို ၁၄ ရာခိုင်နှုန်းထိ လျှော့ချပြီးမှ ဝယ်ယူလိုကြသည်။ ထိုအစိုဓာတ်ပါဝင်မှု ၁၄ ရာခိုင်နှုန်းသည် သိုလှောင်ရန်အကောင်းဆုံးဟု သတ်မှတ်ထားသည့်အတွက်ဖြစ်သည်။ ထို့ပြင် ဆန်၏အစိုဓာတ်သည် ၁၄ ရာခိုင်နှုန်းရှိမှသာ ပြည်ပတင်ပို့ရာတွင်လည်း သတ်မှတ်သည့်အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည်ဖြစ်သည်။ ထို့ပြင် ရေရှည်သိုလှောင်မည်ဆိုပါကလည်း ၁၅ ရာခိုင်နှုန်းအောက် ၁၁ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်းအတွင်းက အသင့်လျော်ဆုံးဖြစ်သည်။

အများကင်းသော အစိုဓာတ်ပါဝင်မှုဖြင့် ထားသိုမှသာ မလိုအပ်ဘဲ ခြောက်သွေ့အောင်ပြုလုပ်ရသည့် ကုန်ကျစရိတ် လျော့နည်းမည်ဖြစ်သကဲ့သို့ အစိုဓာတ်များပြားနေပါကလည်း သီးနှံပျက်စီးဆုံးရှုံးမှုကို ကြုံတွေ့ရမည်ဖြစ်သည်။ အလွန်အမင်းခြောက်သွေ့စေရန် ပြုလုပ်ပါကလည်း စပါးသီးနှံတွင် ဆန်သား၌အက်ရာများထင်လာပြီး ကြိတ်ခွဲသည့်အခါ အကျိုးအကြေများပြားပြီး ဆန်သားပါဝင်မှုလျော့ကျကာ ဆန်ကွဲများပြီး စီးပွားရေးတွက်ခြေကိုက်မှုမရှိဖြစ်တတ်သည်။ မကျိုးမကြေစေရန်လျှော့၍ကြိတ်ခွဲပါကလည်း ဆန်ဖြူမှုအဆင့် နည်းသွားမည်ဖြစ်သည်။ အလွန်အမင်းခြောက်သွေ့အောင်ထားသည့်အခါတွင်လည်း အလေးချိန်ကျဆင်းပြီး ငွေကြေးတန်ဖိုးဆုံးရှုံးမည်ဖြစ်သည်။ သို့ဖြစ်၍ အစိုဓာတ်ပါဝင်မှုကို သင့်လျော်သည့်အတိုင်းအတာတွင်သာထားရှိပြီး မပိုမလိုအောင် ထိန်းသိမ်းနိုင်ရန်လိုအပ်သည်။

စပါးအနေဖြင့် သိုလှောင်ပါက သန့်စင်မှုသည် အရေးကြီးပြီး ဖုန်၊ သဲ၊ ခဲ အမှိုက်သရိုက်များပါဝင်နေပါက အစိုဓာတ်ကို အဆိုပါပစ္စည်းများက ထိန်းသိမ်းထားတတ်သဖြင့် စပါးတွင် အစိုဓာတ်ကူးစက်ပြီး ပျက်စီးမှုဖြစ်စေတတ်သည်။ ရေရှည်သိုလှောင်သည့်အခါတွင် အစိုဓာတ်ကို လျှော့ချထိန်းသိမ်းခြင်းက သင့်လျော်သော်လည်း အလေးချိန်ကျဆင်းနိုင်သဖြင့် အလွန်အမင်း အစိုဓာတ်လျော့မသွားရန်လည်း သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် အစိုဓာတ်များပြားသဖြင့် ဂရုပြုမှုလျော့သည်နှင့် အစိုဓာတ်များပြီး မှိုနှင့် အခြားပျက်စီးမှုများကို ကြုံရလေ့ရှိတတ်သဖြင့် အစိုဓာတ်ပါဝင်မှုကို သတိပြုနေရန်လိုအပ်သည်။ ယခုအချိန်တွင် သိုလှောင်ရောင်းဝယ်သူများ ဒုတိယအရစ် ဆန်လှောင်လေ့ရှိသော အချိန်ဖြစ်သဖြင့် အစိုဓာတ်ကို သတိပြုရန်အထူးလိုအပ်သည်။ သီးနှံ၊ အလေးချိန်၊ အစိုဓာတ်၊ မှိုနှင့် ပိုးမွှားတို့သည် ဆက်စပ်နေသောအရာများဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံက သယ်ဆောင်လာသော ဆန်တန်ချိန် ၁၈၀၀၀ ကျော်ကို အရည်အသွေးကျဆင်းပြီး လူစားသုံးရန်မသင့်သဖြင့် ဖျက်ဆီးကြောင်း သတင်းတစ်ပုဒ်ကို ဖတ်မိသည်။ အဆိုပါကိစ္စမှာ မြန်မာနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် စင်ကာပူကုမ္ပဏီတစ်ခုကို ရောင်းချခဲ့ခြင်းဖြစ်ပြီး အဆိုပါကုမ္ပဏီမှတစ်ဆင့် ဖြည့်ပနိုင်ငံသို့ ဆန်ရောင်းချရာတွင် သင်္ဘောပေါ်၌ လများစွာကြာမြင့်အောင် ထားသိုခဲ့ရသဖြင့် အစိုဓာတ်နှင့် သီးနှံသဘာဝကြောင့် ပျက်စီးခဲ့ခြင်းဖြစ်ရသည်ကို တွေ့ရသည်။ ထို့ကြောင့် သီးနှံအစိုဓာတ်ပါဝင်မှုနှင့်ပတ်သက်လျှင် မပေါ့ဆရန် အထပ်ထပ်သတိပြုရန်လိုအပ်သည်။

### ပြောင်းဖူးစေ့နှင့် အစိုဓာတ်

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည် များစွာမြင့်တက်လာသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးတွင်လည်း ပြောင်းဖူးစေ့၏အခန်းကဏ္ဍသည် မြင့်တက်လျက်ရှိသည်။ ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအတွက်လည်း ပြောင်းဖူးစေ့၏အခန်းကဏ္ဍသည် ကြီးမားသည်ကို တွေ့နိုင်သည်။ ယခင်က ပြောင်းဖူးစေ့ကို တရုတ်နိုင်ငံသို့သာ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် အများအပြားရောင်းချသော်လည်း ထိုင်းနိုင်ငံသို့လည်း နယ်စပ်မှ ရောင်းဝယ်မှုများမြင့်မားလာပြီးနောက်တွင် ပြည်ပတင်ပို့မှုပမာဏ များပြားလာသကဲ့သို့ စိုက်ပျိုးထုတ်လုပ်မှုလည်း လိုက်ပါမြင့်တက်လာပြီး အားထားရသောသီးနှံဖြစ်လာသည်။ ပြောင်းဖူးစေ့သည် ပြောင်းဖူးရိုးတွင် မူလအတိုင်းကပ်နေသည့်အချိန်၌ အစိုဓာတ်အသင့်အတင့်များပြားနေသော်လည်း ပြဿနာမရှိပေ။ သို့သော်လည်း အစေ့ခြွေပြီး ပြောင်းဖူးစေ့အဖြစ်ရောက်ရှိသည်နှင့် သီးနှံ၏ အစိုဓာတ်ပါဝင်မှုသည် များစွာအရေးပါလာသည်။ ပြောင်းဖူးစေ့ကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းခန့်တွင် သိုလှောင်လေ့ရှိသည်။ အိတ်များဖြင့်ထားသည့်အခါတွင် ပိုမို၍ ခြောက်သွေ့သင့်သည်။ ပြောင်းဖူးသည် မှိုကျရောက်တတ်ပြီး မှိုဆိပ်(Aflatoxin)သည် အန္တရာယ်ရှိပြီး ရောင်းဝယ်ရာတွင် ကန့်သတ်ထားသဖြင့် သတိပြုရန်အထူးလိုအပ်သည်။

ထို့ပြင် မှိုကျရောက်မှုများပြားလျှင်လည်း ပြောင်းဖူးစေ့အညှာတစ်ဝိုက်တွင် မည်းသွားသဖြင့် သီးနှံ၏အရည်အသွေးကျဆင်းသည်ကို မြင်ရုံဖြင့်ပင် သိစေနိုင်သည်။ ပြောင်းဖူးစေ့ကို အများဆုံးစိုက်ပျိုးထုတ်လုပ်သောဒေသသည် ရှမ်းပြည်နယ်ဖြစ်သဖြင့် ပြောင်းဖူးရိတ်သိမ်းလေ့ရှိသည့် အြဂုတ်လမှာ မိုးလယ်ဖြစ်သဖြင့် အစိုဓာတ်ပါဝင်မှုသည် ရိတ်သိမ်းခါစအချိန်တွင် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိရှိနေတတ်သည်။ ပြင်ပရာသီဥတုမှာလည်း စိုစွတ်နေသဖြင့် အခြောက်ခံစက်များဖြင့်အခြောက်ခံနိုင်မှသာ သီးနှံများသိုလှောင်ရန်သင့်လျော်မည်ဖြစ်သည်။ တစ်ခါတစ်ရံတွင်နေ့ဘက်တွင်ခြောက်သော်လည်း ညဘက်တွင် အစိုဓာတ်ပြန်ဝင်လာသည်ကို တွေ့ရတတ်သည်။ အစိုဓာတ်များသဖြင့် ပြောင်းဖူးစေ့များ မှိုတက်ပြီးမည်းသွားပြီဆိုပါက လွှင့်ပစ်ရမည်ဖြစ်သည်။ ထိုသို့ဆိုပါက အရေးအတွက်ပါဆုံးရှုံးမှုဖြစ်ပြီး စီးပွားရေးအရ အရှုံးပေါ်မည်ဖြစ်သည်။ နယ်စပ်ဒေသများက ရောင်းဝယ်နေသဖြင့်လည်းကောင်း၊ သယ်ယူမှု၊ သိုလှောင်မှုများကို မိုးရာသီအတွင်း ဆောင်ရွက်နေရသဖြင့်လည်းကောင်း အစိုပြန်ကာ အရည်အသွေးနှင့် အလေးချိန်ကျဆင်းနိုင်သဖြင့် အစိုဓာတ်နည်းပါးရေး သို့မဟုတ် ခြောက်သွေ့ရေးကို အထူးအလေးထားရန်ဖြစ်သည်။ ပြောင်းဖူးစေ့များတွင် မည်းနေသောအစေ့များကို မကြာခဏ တွေ့ရသည်။ ထိုသို့မည်းနေသည့် ပြောင်းဖူးစေ့တစ်စေ့ကို မြင်တွေ့ပြီဆိုသည်နှင့် နီးစပ်ရာ အခြားပြောင်းဖူးစေ့များတွင် မမြင်ရသေးသော်လည်း မှိုကျရောက်နေတတ်သည်။ ထို့ကြောင့် ချက်ချင်းပြုပြင်ထိန်းသိမ်းရန်လိုအပ်သည်။

### ပဲမျိုးစုံနှင့် အစိုဓာတ်ပါဝင်မှု

ပဲမျိုးစုံကို ပြည်ပတင်ပို့ရန်အတွက် သိုလှောင်ရောင်းဝယ်ကြရာတွင် ပဲအခြောက်ကိုသာ ရောင်းဝယ်ကြသဖြင့် အစိုဓာတ်ပါဝင်မှုသည် များစွာနည်းပါးနေတတ်သည်။ ပဲများ၏ အစိုဓာတ်ကို ၁၄ ရာခိုင်နှုန်းသာများသောအားဖြင့် သတ်မှတ်ထားသည်။ သို့ရာတွင် ပဲစင်းငုံနှင့် ကုလားပဲတို့မှာ မိုးနည်းရပ်ဝန်းများတွင် စိုက်ပျိုးထုတ်လုပ်သိုလှောင်မှုများသဖြင့် ခြောက်သွေ့နေတတ်ကြသည်။ ထို့ကြောင့် ပဲ၏အလေးချိန်မှာလည်း လျော့နည်းသွားတတ်သည်။ မိုးရွာလျှင် အစိုဓာတ်တက်လာပြီး ပဲအလေးချိန်တိုးလာသဖြင့် သိုလှောင်သူက မိုးရွာသည်ကို ပျော်တတ်ကြသည်။ ပဲတွင် အစိုဓာတ်သည် ပြဿနာဖြစ်မှုနည်းပါးသော်လည်း အစိုဓာတ်များလျှင် ပိုးကျရောက်မှုမြင့်မားလာတတ်သဖြင့် ဆက်စပ်သည့်ကုန်ကျစရိတ်မြင့်တက်မှုနှင့် ရင်ဆိုင်ရနိုင်သည်။ သို့ရာတွင် မြေပဲသည် ဆီပါဝင်မှုရှိသဖြင့် အစိုဓာတ်ပါဝင်မှုမြင့်မားသည်နှင့် အရည်အသွေးကျဆင်းမှုများပြားတတ်သဖြင့် မြေပဲကို မြေပဲတောင့်တွင် ၁၀ ရာခိုင်နှုန်းနှင့် မြေပဲဆန်တွင် ကိုးရာခိုင်နှုန်းဟု သတ်မှတ်ထားကြသည်။

### ဆီထွက်သီးနှံနှင့် အစိုဓာတ်ပါဝင်မှု

ဆီထွက်သီးနှံများတွင် အစိုဓာတ်ပါဝင်မှုသည် ယေဘုယျအားဖြင့် နည်းပါးရန်လိုအပ်သည်။ နှမ်းများတွင် အစိုဓာတ်ပါဝင်မှုကို အများဆုံး ရှစ်ရာခိုင်နှုန်းသာ ပါဝင်ရန် သတ်မှတ်ထားသည်။ မြေပဲတွင် အထက်၌ ဖော်ပြသကဲ့သို့ အစိုဓာတ်ပါဝင်မှုကို ကိုးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသာ အများဆုံးပါဝင်ရန် သတ်မှတ်ထားသည်။ ဆီထွက်သီးနှံများကို ရေရှည်သိုလှောင်ထိန်းသိမ်းရေးမှာ စပါးနှင့်ပြောင်းတို့ထက်ပင် ခက်ခဲသည်ဟုဆိုသည်။ အရည်အသွေးနှင့် ဈေးကွက်တန်ဖိုးကို ထိန်းသိမ်းနိုင်ရန်မှာအရေးကြီးသဖြင့် သိုလှောင်ရန်အခြေအနေမှာ အလွန်အရေးကြီးသည်။ အစိုဓာတ်များသည်နှင့် အချဉ်ဓာတ်ကိန်းလည်း တက်လာမည်ဖြစ်၍ ဆီထွက်သီးနှံများ၏ အစိုဓာတ်နှင့်သိုလှောင်ရေးမှာအထူးဂရုပြုရန်လိုအပ်ခြင်းဖြစ်သည်။ အစိုဓာတ်နှင့် သီးနှံအရည်အသွေးကို အမြဲမပြတ်စောင့်ကြည့်နေရန်လိုအပ်သည်။ အကောင်းဆုံးအရည်အသွေးကို ရရှိရန်အတွက် ဆီထွက်သီးနှံများကို အေး၍ခြောက်သွေ့သောနေရာတွင် ထားသိုနိုင်ရန်လိုအပ်သည်။ ပုံမှန်အားဖြင့် ၂၅ ဒီဂရီစင်တီဂရိတ်နှင့်အောက်တွင် စိုထိုင်းဆ ခုနစ်ရာခိုင်နှုန်းအောက်နည်းသောအခြေအနေဖြစ်ရမည်ဟု ဆိုသည်။ လေသလပ်ခံခြင်းဖြင့်လည်း အစိုဓာတ်နည်းအောင်ဆောင်ရွက်နိုင်သည်။ နေကြာစေ့ကဲ့သို့ ဆီထွက်သီးနှံမှာ အခွံဖြင့်တွဲ၍ သိုလှောင်ရသဖြင့် အစိုဓာတ်ထိန်းသိမ်းမှုကို သတိပြုရန်လိုအပ်ပါသည်။

### အစိုဓာတ်တိုင်းကိရိယာ

စားပွဲတင် အစိုဓာတ်တိုင်းကိရိယာများသည် သီးနှံများ၏အစိုဓာတ်ကို ရယူတိုင်းတာရာတွင် များစွာအရေးပါသည်။ အချို့သော Rapid Test Kit ဖြစ်သော အစိုဓာတ်တိုင်းကိရိယာများသည် လက်ဖြင့်ကိုင်တွယ်ပြီး တိုင်းတာနိုင်သည်ကို တွေ့ရသည်။

❖ သီးနှံ၏ အစိုဓာတ်ပါဝင်မှုကို မျက်ခြည်မပြတ်စောင့်ကြည့်နိုင်မှသာ တန်ဖိုးမကျဆင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အရည်အသွေး မကျဆင်းရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အစိုဓာတ်နည်းလျှင်လည်း အလေးချိန်ကျဆင်းပြီး တန်ဖိုးကျဆင်းမည်ဖြစ်သည်။ လယ်ယာထွက်ကုန်များဖြင့် နိုင်ငံအတွက် ပြည်ပငွေတိုးမြှင့်ရေးကို ဆောင်ရွက်ရမည်ဖြစ်သဖြင့် သီးနှံများကို သိုလှောင်ထိန်းသိမ်းရေးသည် အရေးပါသော ကဏ္ဍတစ်ခုအဖြစ် ပါဝင်လာသည်။ သီးနှံများကို ကြိတ်ခွဲသည်ဖြစ်စေ၊ သိုလှောင်သည်ဖြစ်စေ သီးနှံ၏အစိုဓာတ်သည် များစွာအရေးပါသဖြင့် မမေ့လျော့ရန်လိုအပ်သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# တိုင်းပြည်ကောင်းကျိုး

- တစ်ဦးက စေတနာ
  အကြင်နာ ဖြန့်ကြက်ခင်း၊
  တစ်ဦးဝယ် တန်ပြန်မှု
  ဖွေးလွစိတ်ရင်း။

- နားလည်ကာ အချင်းချင်း
  ကောင်းခြင်းတို့ အဖုံဖုံ
  ဓမ္မရိပ်မြုံ၊
  မေတ္တာဓာတ် လွှမ်းကာခြုံ
  ချမ်းသာစုံ ပြည်တစ်ဝန်း၊
  ပြည့်ဂုဏ်ရောင် မြဲရေးရှု
  ပြုစို့သည်လမ်း။

- ပြည်တစ်ခွင် စိမ်းလန်းလို့
  ငြိမ်းချမ်းဖို့ အတူတူ၊
  မေတ္တာဆောင် သူငါအကြည့်
  ရှိလို့ပြည်ထူ၊
  ရဟန်းနှင့် များရှင်လူ
  အားအစဉ်ကူ မေတ္တာပေး၊
  ဗြဟ္မစိုရ် မြတ်လေးပါး
  ကြိုးစားစို့လေး။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၉၈၇၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မအူပင် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ယခုနှစ် ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၉၈၇၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြင့်မြင့်ဌေးက ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ကုန် ဆန်ကွဲများကို ရန်ကုန်မြို့သို့ လစဉ်တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ်ဇွန်လက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၉၈၇၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဘက်ကိုပဲ တင်ပို့ရောင်းချတာများပါတယ်။ တစ်နိုင်တစ်ပိုင်တင်ပို့ရောင်းချတဲ့သူတွေလဲရှိသလို ပွဲရုံလုပ်ငန်းရှင်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်က ဈေးကောင်းလဲရသလို ကုန်ပစ္စည်းတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိတင်ပို့လို့ အဆင်ပြေပါတယ်။ ဆန်ကွဲအိတ်တွေကို ဇူလိုင်လ ပထမပတ်လောက်ကစပြီး ဝယ်လိုအားသိသိသာသာကို များလာတာပါ။ ရန်ကုန်ဘက်က ဝယ်လက်တွေက ဆန်ကွဲတွေ မှာယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းမှာကို ဆန်ကွဲဈေးကွက် ပြန်သွက်လက်လာပြီး အခုလို ရန်ကုန်ဘက်က အဝယ်လိုက်နေတာကြောင့် ဆန်ကွဲတင်ပို့ရောင်းချမှု အားကောင်းလာတာပါ"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြင့်မြင့်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၇၅၀၀ မှ ၄၈၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချရမှုများပြားလာသည့်အတွက် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့်လုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

မည်သို့ဖြစ်စေ သင့်တင့်သောမှန်ကန်မှုရှိသည့် အစိုဓာတ်တိုင်းကိရိယာကို သီးနှံသိုလှောင်သူများ ထိန်းသိမ်းထားရန်လိုအပ်သည်။ တောင်သူများတွင်လည်း အစိုဓာတ်တိုင်းကိရိယာများထားရှိနိုင်လျှင် များစွာသင့်လျော်သည်။ အစိုဓာတ်သည် သီးနှံအလေးချိန်နှင့်ဆက်စပ်နေခြင်း၊ သီးနှံအရည်အသွေးနှင့်ဆက်စပ်နေခြင်းကြောင့် ဈေးကွက်တန်ဖိုးဖြင့် ရောင်းဝယ်ရာတွင် များစွာအရေးကြီးသည်။ ထို့ကြောင့် တောင်သူဖြစ်စေ၊ သိုလှောင်ရောင်းဝယ်သောကုန်သည်ဖြစ်စေ အစိုဓာတ်တိုင်းကိရိယာများထားရှိရန် များစွာလိုအပ်သည်။ အဆိုပါကိရိယာများမှာ သီးနှံတန်ဖိုးနှင့်ကြည့်လျှင် များစွာနည်းပါးသော်လည်း သီးနှံအရည်အသွေးနှင့် အရေအတွက်၊ ဈေးနှုန်းတို့ကိုမကျဆင်းရေးတွင် များစွာအရေးပါသည်ကို သတိပြုရန်လိုအပ်သည်။

သီးနှံ၏ အစိုဓာတ်ပါဝင်မှုကို မျက်ခြည်မပြတ်စောင့်ကြည့်နိုင်မှသာ တန်ဖိုးမကျဆင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အရည်အသွေးမကျဆင်းရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အစိုဓာတ်နည်းလျှင်လည်း အလေးချိန်ကျဆင်းပြီး တန်ဖိုးကျဆင်းမည်ဖြစ်သည်။ လယ်ယာထွက်ကုန်များဖြင့် နိုင်ငံအတွက် ပြည်ပဝင်ငွေတိုးမြှင့်ရေးကို ဆောင်ရွက်ရမည်ဖြစ်သဖြင့် သီးနှံများကိုသိုလှောင်ထိန်းသိမ်းရေးသည် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ပါဝင်လာသည်။ သီးနှံများကို ကြိတ်ခွဲသည်ဖြစ်စေ၊ သိုလှောင်သည်ဖြစ်စေ သီးနှံ၏အစိုဓာတ်သည် များစွာအရေးပါသဖြင့် မမေ့လျော့ရန်လိုအပ်သည်။ ဈေးကွက်တန်ဖိုး ကျဆင်းမှုဖြစ်နိုင်သကဲ့သို့ နိုင်ငံဆုံးရှုံးမှုဟုပြောနိုင်သော အရည်အသွေးကျဆင်းခြင်းနှင့် လေလွင့်ပျက်စီးဆုံးရှုံးခြင်းများကို ဖြစ်စေနိုင်သဖြင့် သီးနှံ၏ အစိုဓာတ်ပါဝင်မှုကို မမေ့မလျော့မပေါ့မဆဆောင်ရွက်ရန်လိုအပ်သည်။ မျက်ခြည်မပြတ်စောင့်ကြည့်နိုင်ရန်အရေးကြီးသည်ဟု ထပ်လောင်းသတိပေးလိုသည်။

သီးနှံအစိုဓာတ်ပါဝင်မှုကို ပညာရှင်များ၊ လုပ်ငန်းရှင်များသိရှိနားလည်မည်ဖြစ်သော်လည်း ဝန်ထမ်းများ၊ အလုပ်သမားများနားလည်ရန်လည်း လိုအပ်သည်။ သိုလှောင်ရုံထိန်းသိမ်းသူများလည်း သေချာနားလည်ရန်လိုအပ်သည်။ စည်းကမ်းတစ်ခုအနေဖြင့် သီးနှံအစိုဓာတ်ပါဝင်မှုကို အမြဲမပြတ် သေချာစောင့်ကြည့်ရန်လိုအပ်သည်။ သို့မှသာ သီးနှံ၏အရည်အသွေးနှင့် အလေးချိန်ကျဆင်းခြင်း၊ လေလွင့်ပျက်စီးဆုံးရှုံးခြင်းမျိုးမဖြစ်ဘဲ ကြာရှည်သိုလှောင်ပြီး လိုချင်သောဈေးနှုန်းကိုရရှိကာ ဈေးကွက်တန်ဖိုးအများဆုံးကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက သာယာစုကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးစုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်စိုင်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## မိတ်ဆွေမဆန်သည့်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို ရုရှား၌ အစုရှယ်ယာပိုင်ဆိုင်ခွင့်ပိတ်ပင်မည်

**မော်စကို ဩဂုတ် ၅**

ရုရှားနိုင်ငံအပေါ် မိတ်ဆွေမဆန်သည့်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ ရုရှားစီးပွားရေးလုပ်ငန်းများ၌ အစုရှယ်ယာများပိုင်ဆိုင်ခွင့်ကို ပိတ်ပင်ထားသည့်ဥပဒေတစ်ရပ်အား ရုရှားသမ္မတပူတင်က ဩဂုတ် ၄ ရက်တွင် ဥပဒေအဖြစ်လက်မှတ်ရေးထိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဥပဒေအရ ရုရှားအပေါ် မိတ်ဆွေမဆန်သည့် နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဓိကရုရှားကုမ္ပဏီကြီးများ၊ ဘဏ်များ၌ အစုရှယ်ယာပါဝင်ခွင့် ပိတ်ပင်ခံရမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါဥပဒေအရ ရုရှားအစိုးရသည် မိတ်ဆွေမဆန်သည့်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများကို ပယ်ဖျက်၍ ၎င်းတို့၏အစုရှယ်ယာများကို ရုရှားရှယ်ယာရှင်များထံ အချိုးကျဝေမျှပေးနိုင်မည်ဖြစ်သည်။

ယူကရိန်း ပြဿနာကို အကြောင်းပြု၍ ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ထားသည့် နိုင်ငံများကို ရုရှားအပေါ် မိတ်ဆွေမဆန်သည့်နိုင်ငံများအဖြစ် ရုရှားအစိုးရသတ်မှတ်ထားသည်။

ရုရှားနိုင်ငံသည် ပင်လယ်ရပ်ခြားရှိ ရုရှားပိုင်ဆိုင်မှုများသိမ်းယူခံထားရမှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားပြည်တွင်းရှိ အနောက်အုပ်စုကုမ္ပဏီများ၏ ပိုင်ဆိုင်မှုများကိုလည်း သိမ်းယူလျက်ရှိသည်။

ပြီးခဲ့သည့်လကလည်း ရုရှားအစိုးရသည် ဒိန်းမတ်အခြေစိုက် ကားလ်စဘာ့ဂ် ဘီယာကုမ္ပဏီ၏ အစုရှယ်ယာများကိုလည်း သိမ်းယူခဲ့ကြောင်း သိရသည်။

KKO



## ကမ္ဘောဒီးယားအမျိုးသားရွေးကောက်ပွဲ နောက်ဆုံးရလဒ်များကို ရွေးကောက်ပွဲကော်မရှင် အတည်ပြုကြေညာ



**ဖနွမ်းပင် ဩဂုတ် ၅**

ကမ္ဘောဒီးယား ရွေးကောက်ပွဲကော်မရှင်သည် ယနေ့တွင် အမျိုးသားရွေးကောက်ပွဲနောက်ဆုံးရလဒ်များကို အတည်ပြုကြေညာခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယား ရွေးကောက်ပွဲကော်မရှင်၏ နောက်ဆုံးရလဒ်ကြေညာချက်တွင် ဇူလိုင် ၂၃ ရက် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရသူအဖြစ် ဝန်ကြီးချုပ် ဟွန်ဆန်၏ လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီကို အတည်ပြုထားသည်။

အဆိုပါ ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယား ပြည်သူ့ပါတီသည် အောက်လွှတ်တော် အမတ်နေရာ ၁၂၅ နေရာအနက် ၁၂၀ ကိုရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်ကြေညာချက်၌ ဖော်ပြထားသည်။

အောက်လွှတ်တော် အမတ်နေရာ ၁၂၅ နေရာအနက် ငါးနေရာသည် ဘုရင်စနစ်ကိုလိုလားသည့်ပါတီဖြစ်သည့် ဖန်ဆီပက်ပါတီက ရရှိခဲ့ပြီး ကျန်နိုင်ငံရေးပါတီ ၁၆ ခုမှာ အမတ်နေရာတစ်နေရာမျှ ရယူနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၃ ရက် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားပြည်သူ့ပါတီသည် မဲဆန္ဒရှင် စုစုပေါင်း ၈ ဒသမ ၂ သန်းအနက် ၆၃၉၈၃၁၁ ဦးတို့၏ထောက်ခံမဲများကို ရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် ယခုလကုန်ပိုင်းတွင် ဝန်ကြီးချုပ်ရာထူးကို သားဖြစ်သူ ဟွန်မာနက်ထံ လွှဲပြောင်းပေးမည်ဖြစ်သည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## ရာဟူးဂန္ဒီ၏ ထောင်ဒဏ်ပြစ်ဒဏ်ကို ဆိုင်းငံ့ထားရန် အိန္ဒိယတရားလွှတ်တော်ချုပ် ဆုံးဖြတ်

**ဒေလီ ဩဂုတ် ၅**

အိန္ဒိယအတိုက်အခံခေါင်းဆောင် ရာဟူးဂန္ဒီအပေါ် ချမှတ်ထားသည့် အသရေဖျက်မှုပြစ်ဒဏ် ထောင်ဒဏ်နှစ်နှစ်ကို ဆိုင်းငံ့ပေးထားရန် အိန္ဒိယ တရားလွှတ်တော်ချုပ်က ဩဂုတ် ၄ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယ တရားလွှတ်တော်ချုပ်၏ ပြစ်ဒဏ်ဆိုင်းငံ့ထားမှုစီရင်ချက်အရ ရာဟူးဂန္ဒီအနေဖြင့် အောက်လွှတ်တော်အမတ်နေရာကို ပြန်လည်ရယူ၍ ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် အမျိုးသားရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံပါတီကြီးဖြစ်သည့် ကွန်ဂရက်ပါတီခေါင်းဆောင် ရာဟူးဂန္ဒီကို လက်ရှိအာဏာရ ဘာရာတီယာဂျနေတာပါတီ(ဘီဂျေပီ)လွှတ်တော်အမတ်များက အသရေဖျက်မှုဖြင့် တရားစွဲထားရာ ဂူဂျာရတ်ပြည်နယ်တရားရုံးတစ်ရုံးက ယခုနှစ် မတ်လအတွင်း ထောင်ဒဏ်နှစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားရုံး၏ အဆိုပါစီရင်ချက်ကြောင့် အသက်၅၃နှစ်ရှိ ရာဟူးဂန္ဒီမှာ အောက်လွှတ်တော်အမတ်နေရာကို ဆုံးရှုံးခဲ့ရသည်။

အိန္ဒိယ တရားလွှတ်တော်ချုပ်က ရာဟူးဂန္ဒီအပေါ် ချမှတ်ထားသည့်ထောင်ဒဏ်ကိုဆိုင်းငံ့ပေးထားရန် ဆုံးဖြတ်ခဲ့ပြီးနောက် ကွန်ဂရက်ပါတီထောက်ခံသူများကနယူးဒေလီမြို့၌ အောင်ပွဲခံခဲ့ကြသည်။

ကွန်ဂရက်ပါတီသည် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲ၌ လက်ရှိအာဏာရ ဘီဂျေပီပါတီကို ရင်ဆိုင်ရေးအတွက် အခြားနိုင်ငံရေးပါတီ ၂၅ ခုဖြင့် ညွန့်ပေါင်းအုပ်စုဖွဲ့စည်းထားကြောင်း သိရသည်။

KKO

## ယခုနှစ် ပထမခြောက်လတာကာလအတွင်း ဗင်နီဇွဲလားအရန်ရွေပမာဏ ကျဆင်း

**ကာရာကက်စ် ဩဂုတ် ၅**

ဗင်နီဇွဲလားနိုင်ငံက လက်ဝယ်ထားရှိနိုင်သည့် အရန်ရွှေပမာဏသည် ယခုနှစ် ပထမနှစ်ဝက်တွင် မက်ထရစ်တန် ရှစ်တန်ပို၍ နည်းပါးသွားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရစဉ် ကာလအတွင်း ဗင်နီဇွဲလားနိုင်ငံ၏ အရန်ရွှေပမာဏလျော့နည်းကျဆင်းလာခြင်းဖြစ်သည်။

ဗင်နီဇွဲလားဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ ယခုနှစ် ပထမနှစ်ဝက်တွင် ဗင်နီဇွဲလား၏ အရန်ရွှေပမာဏမှာ ၆၁ တန်ထိသာရှိခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက မက်ထရစ်တန် ရှစ်တန်ပိုနည်းသွားကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဗင်နီဇွဲလားနိုင်ငံ၏အရန်ရွှေပမာဏသည် မက်ထရစ်တန် ၆၉ တန်ထိရှိခဲ့သည်။

ဗင်နီဇွဲလားဗဟိုဘဏ်၏အဆိုအရ ဗင်နီဇွဲလားအရန်ရွှေများ တန်ဖိုးသည် ယခုနှစ်ဇွန်လကုန်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅ ဘီလီယံရှိခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကထက် အမေရိကန်ဒေါ်လာ ၂၆၁ သန်း ပိုနည်းသွားသည့်သဘောဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် အရန်ငွေလက်ဝယ်ထားနိုင်မှု ပမာဏကို တန်ချိန် ၃၀၀ ကျော်ထိ နှစ်ပေါင်းများစွာထိန်းထားနိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြားတွင် စီးပွားရေးပြဿနာများနှင့်အတူ အရန်ရွှေပမာဏလည်း ကျဆင်းခဲ့ရကြောင်း သိရသည်။

KKO

## အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာ

**ဆစ်ဒနီ ဩဂုတ် ၅**

အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးသည် ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ်သို့ ဩဂုတ် ၄ ရက်တွင် ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့ကြား ကာကွယ်ရေးဆက်ဆံမှုအားကောင်းလာချိန်တွင် အမေရိကန်ရေတပ်နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော ဩစတြေးလျသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။



အဆိုပါ အမေရိကန်ရေငုပ်သင်္ဘောသည် အင်ဒို-ပစိဖိတ်ဒေသကင်းလှည့်မှု အစီအစဉ်အရ အနောက်ဩစတြေးလျပြည်နယ်ရှိ ပို့စ်တားလင်း ရေတပ်ဆိပ်ကမ်းသို့ ရောက်ရှိနေကြောင်း ဩစတြေးလျအစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံသည် အမေရိကန်နိုင်ငံထံမှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသုံးစီးနှင့် သမားရိုးကျလက်နက်တပ်ဆင်ထားသည့် ရေငုပ်သင်္ဘောများ ဝယ်ယူရန်စီစဉ်ထားသည်။


ဩစတြေးလျနိုင်ငံ၌ အမေရိကန်စစ်ဘက်အနေဖြင့် အမြဲတမ်းစစ်စခန်းဖွင့်လှစ်ထားခြင်း မရှိကြောင်း သိရသည်။

သို့သော် အမေရိကန်နိုင်ငံသည် ဩစတြေးလျ၌ အလှည့်ကျတပ်စွဲပေးထားသော တပ်အမျိုးအစားများနှင့်အင်အားတို့ကို တဖြည်းဖြည်းမြှင့်တင်လျက်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်းပေါ်ပေါက်ခဲ့သည့် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုက ကမ္ဘာ၊ ဂြိုဟ်ရံလနှင့် အင်္ဂါဂြိုဟ်တို့ကို တစ်ချိန်တည်းရိုက်ခတ်ခဲ့



**ဝါရှင်တန် ဩဂုတ် ၅**

၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း ပေါ်ပေါက်ခဲ့သည့် နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုသည် ကမ္ဘာ၊ ဂြိုဟ်ရံလနှင့် အင်္ဂါဂြိုဟ်တို့ကို တစ်ချိန်တည်းရိုက်ခတ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

နေစွမ်းအင်ပေါက်ကွဲမှုမှထွက်ပေါ်လာသည့် စွမ်းအင်မြင့်ဖြာထွက်ရောင်ခြည်လှိုင်းများ ကမ္ဘာ၊ ဂြိုဟ်ရံလနှင့်အင်္ဂါဂြိုဟ်တို့အား တစ်ချိန်တည်း ရိုက်ခတ်မှုကို သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုဖြစ်စဉ်ကို နိုင်ငံတကာ အာကာသယာဉ်များက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ပေါ်ပေါက်ခဲ့သည့် အထက်ပါဖြစ်စဉ်ကို အမေရိကန်၊ ဥရောပအာကာသအေဂျင်စီ၊ တရုတ်အာကာသအေဂျင်စီနှင့် ဂျာမနီအာကာသအေဂျင်စီ အာကာသယာဉ်များ၊ ဂြိုဟ်ဆင်းယာဉ်များနှင့် လဆင်းယာဉ်များက ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများကြောင့် ထွက်ပေါ်လာသည့် စွမ်းအင်မြင့်ရုပ်မှုန်များသည် ကမ္ဘာကဲ့သို့ သံလိုက်စက်ကွင်းမရှိသော အင်္ဂါဂြိုဟ်နှင့် လကမ္ဘာတို့၌ ပြုလုပ်မည့် စူးစမ်းလေ့လာရေး လုပ်ငန်းများကို ခြိမ်းခြောက်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် စွမ်းအင်မှုန်များကြောင့် လနှင့်အင်္ဂါဂြိုဟ်များပေါ်၌ ဖြာထွက်ရောင်ခြည်အဆင့်မြင့်တက်လာနိုင်ကြောင်း သိရသည်။

KKO

# HEALTH

## Moderna ကာကွယ်ဆေးက သက်ကြီးပိုင်းများအတွက် အထိရောက်ဆုံးဖြစ်

**နယူးယောက် ဩဂုတ် ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် သက်ကြီးပိုင်းများအတွက် အထိရောက်ဆုံး၊ ဘေးကင်းလုံခြုံမှုအရှိဆုံး ကာကွယ်ဆေးမှာ Moderna ကုမ္ပဏီကထုတ်လုပ်သည့် ကာကွယ်ဆေးဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဩဂုတ် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာချက်အရ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် သက်ကြီးပိုင်းများအတွက် အထိရောက်ဆုံးနှင့် ဘေးကင်းမှုအရှိဆုံး ကာကွယ်ဆေးဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် Moderna နှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသော လူပေါင်းခြောက်သန်းကျော်တို့၏ အချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Moderna ကာကွယ်ဆေးထိုးနှံထားသူများသည် Pfizer ကာကွယ်ဆေးထိုးနှံထားသူများထက် သွေးကြောများ ရုတ်တရက်ပိတ်ဆို့နိုင်ခြေ လေးရာခိုင်နှုန်းပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Moderna ကာကွယ်ဆေးထိုးထားသူများသည် Pfizer ကာကွယ်ဆေး ထိုးထားသူများထက် ကိုဗစ်-၁၉ ရောဂါဖြစ်နိုင်ခြေ ၁၅ ရာခိုင်နှုန်း ပိုနည်းကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Moderna ကာကွယ်ဆေးသည် အခြားကာကွယ်ဆေးများနှင့် နှိုင်းယှဉ်ပါက သက်ကြီးပိုင်းများကို ကိုဗစ်-၁၉ ရောဂါမှ အကာအကွယ်ပေးရေးအတွက် အထိရောက်ဆုံး ကာကွယ်ဆေးဖြစ်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO


## ဗွိုင်ယေဂျာ-၂ နှင့် နာဆာမြေပြင်ထိန်းချုပ်ရေးစခန်းတို့ကြား အဆက်အသွယ် ပြန်လည်ရရှိပြီဖြစ်

**ဝါရှင်တန် ဩဂုတ် ၅**

ဗွိုင်ယေဂျာ-၂ နှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) မြေပြင်ထိန်းချုပ်ရေးစခန်းတို့ကြား အဆက်အသွယ်ပြန်လည်ရရှိပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

ဗွိုင်ယေဂျာ-၂ သည် မြေပြင်ထိန်းချုပ်ရေးစခန်း ညွှန်ကြားချက်အမှားတစ်ရပ်ကြောင့် ဇူလိုင် ၂၁ ရက်မှစ၍ ကမ္ဘာမြေနှင့်အဆက်အသွယ် စတင်ပြတ်တောက်ခဲ့သည်။

သို့ရာတွင် နာဆာ၏ဩစတြေးလျအခြေစိုက် အာကာသဟင်းလင်းပြင်ဆက်သွယ်ရေးကွန်ရက်သည် ဩဂုတ် ၄ ရက်တွင် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်ထံ ညွှန်ကြားချက်ပေးပို့၍ ရေဒီယိုအင်တင်နာစနစ် ချိန်ညှိမှုများကို ပြန်လည်ပြင်ဆင်ထားကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။




မြေပြင်စခန်းနှင့် အဆက်အသွယ် ပြန်ရပြီးနောက် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်၏စနစ်များ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နေပြီဖြစ်ကြောင်း နာဆာမှတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်ကို ၁၉၇၇ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ အာကာသယာဉ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၂ ဒသမ ၄ ဘီလီယံအကွာ အာကာသဟင်းလင်းပြင်အတွင်း ရောက်ရှိနေကြောင်း သိရသည်။

KKO

## မိခင်နို့ရည်တွင်တွေ့ရသော အဆီဓာတ်တစ်မျိုးက နေ့မစေ့လမစေ့ မွေးဖွားလာသည့်ကလေးများ၌ Cerebral Palsy ဖြစ်နိုင်ခြေ လျှော့ချပေး

**နယူးယောက် ဩဂုတ် ၅**

မိခင်နို့ရည်တွင် တွေ့ရှိရသည့် အဆီဓာတ်တစ်မျိုးသည် နေ့မစေ့လမစေ့မွေးဖွားလာသည့် ကလေးများ၌ Cerebral Palsy ခေါ် ရောဂါတစ်မျိုး ဖြစ်နိုင်ခြေကို လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

Cerebral Palsy သည် ကလေးများတွင် အဖြစ်များသည့် အာရုံနာ့ဗ်ဆဲလ်စနစ် ဖောက်ပြန်မှုရောဂါတစ်မျိုးဖြစ်ပြီး လမ်းလျှောက်ရခက်ခဲခြင်း၊ စကားပြောရခက်ခဲခြင်း စသည့်ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ မိခင်နို့ရည်တွင် တွေ့ရှိရသည့် အဆီမော်လီကျူး တစ်မျိုးသည် နေ့မစေ့လမစေ့မွေးဖွားလာသူ ကလေးများ၌ Cerebral Palsy ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ 20.aHydroxycholesterol အမည်ရှိ အဆိုပါ အဆီမော်လီကျူးသည် Cerebral Palsy ဖြစ်နိုင်ခြေအား လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နော့ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ် ဩဂုတ် ၄ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၅**

နော့ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်သည် ဩဂုတ် ၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်သည် ဩဂုတ် ၄ ရက်တွင် နိုင်ငံတကာအာကာသစခန်း စက်ရုပ်လက်တံ၏ အကူအညီဖြင့် ယူနတီအမည်ရှိ အာကာသစခန်း ပင်မကိုယ်ထည်၌ ဆိုက်ကပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူးများအတွက် အထောက်အပံ့ပစ္စည်းများနှင့် သိပ္ပံစမ်းသပ်ပစ္စည်း စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၃၁၅၀၀ သယ်ယူသွားကြောင်း သိရသည်။

နော့ရော့ဂရူးမင်းကုမ္ပဏီသည် အဆိုပါအာကာသလူသယ်ယာဉ်ကို အန်းတားရက်စ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ နော့ရော့ဂရူးမင်းက လွှတ်တင်ပေးခဲ့သော ၁၉ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ယခုနှစ် အောက်တိုဘာလထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# အမျိုးသမီးကမ္ဘာ့ဖလားရှုံးထွက်အဆင့်တွင် စပိန်အသင်းက ဆွစ်ဇာလန်ကိုဂိုးပြတ်အနိုင်ယူ၍ ကွာတားအဆင့်သို့တက်ရောက်



**မက်ဒရစ် ဩဂုတ် ၅**

အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆)သင်းရှုံးထွက် ပွဲစဉ်အဖြစ် ဆွစ်ဇာလန်အသင်းနှင့်စပိန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက ပွဲကစားချိန်အတွင်း ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပိန်အမျိုးသမီးအသင်းက ပွဲစကတည်းက တိုက်စစ်မြင့်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ငါးမိနစ်တွင် ကွင်းလယ်ကစားသမားဘွန်မာတီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဆွစ်ဇာလန်အသင်းက ပြန်လည်ဖိအားပေးမှုများပြုလုပ်ခဲ့သောကြောင့် ပွဲချိန် ၁၁ မိနစ်တွင် စပိန်ကစားသမား ကော်ဒိနာ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့သော်လည်း စပိန်အသင်း၏ အသင်းလိုက်တိုက်စစ်ဆင်မှုများက ဆွစ်ဇာလန် ခံစစ်ကြောင်းအတွက် အခက်တွေ့ခဲ့ရာ ပွဲချိန် ၁၇ မိနစ်တွင် ရီဒွန်ဒို၊ ပွဲချိန် ၃၆ မိနစ်တွင် ဘွန်မာတီ၊ ပွဲချိန် ၄၅ မိနစ်တွင် ကော်ဒိနာတို့က ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူ၍ ပထမပိုင်းအပြီးတွင် လေးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဆွစ်ဇာလန်အသင်းက ကစားသမားသုံးဦးထိ အပြောင်းအလဲပြုလုပ်၍ ချေပဂိုးများရရှိရန် ကြိုးပမ်းခဲ့သော်လည်း စပိန်အသင်း၏ ဘောလုံးပိုင်ဆိုင်မှုအသားပေးကစားမှုကြောင့် တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ခဲ့ဘဲ ပွဲကစားချိန် မိနစ် ၇၀ တွင် စပိန်အသင်းတိုက်စစ်မှူးဟာမွန်ဆိုက ဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက ငါးဂိုးတစ်ဂိုးဖြင့် ဆွစ်ဇာလန်အသင်းကို အနိုင်ရခဲ့သည်။

ဆွစ်ဇာလန်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် စပိန်အသင်းသည် ကွာတားဖိုင်နယ် အဆင့်တွင် နယ်သာလန်အသင်းနှင့် တောင်အာဖရိကအသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို လာမည့် ဩဂုတ် ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ML

# မန်စီးတီးအသင်းက လေဗာကူဆင် ကွင်းလယ်ကစားသမား ဝီယာ့ဇ်ကို ခေါ်ယူရန်ကြိုးပမ်း

**မန်ချက်စတာ ဩဂုတ် ၅**

မန်စီးတီးအသင်းသည် အသင်းမှထွက်ခွာသွားသည့် ကွင်းလယ်ကစားသမား မာရက်ဇ်နေရာတွင် အစားထိုးရန်အတွက် လေဗာကူဆင်အသင်းတွင် ခြေစွမ်းပြသနေသည့် ဝီယာ့ဇ်ကိုခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းနေသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ လူငယ်ကစားသမားဝီယာ့ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒူးဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရသော်လည်း ပြိုင်ပွဲစုံ ၂၅ ပွဲတွင် သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပကလပ်ကြီးများကစိတ်ဝင်စားခဲ့ပြီး ယခုအခါမန်စီးတီးအသင်းက အယ်အာလီအသင်းသို့ ပြောင်းရွှေ့သွားသည့် မာရက်ဇ်၏နေရာတွင် အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဝီယာ့ဇ်သည် လေဗာကူဆင်အသင်းတွင် ကွင်းလယ်တိုက်စစ်ပိုင်းကို ပါဝင်ကစားနေသော်လည်း နည်းပြဇွာဘီယိုလာက နေရာနှင့်ပတ်သက်၍ စိုးရိမ်မှုမရှိကြောင်း ပြောကြားခဲ့ပြီး အနာဂတ်တွင် ထွန်းတောက်လာနိုင်သည့် ကစားသမားတစ်ဦး ဖြစ်သောကြောင့် ငွေကြေးသုံးစွဲ၍ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေပြီး လေဗာကူဆင်အသင်းက သင့်တော်သည့်ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယခု အပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းသည် ကွင်းလယ်ကစားသမားဂန်ဒိုဂမ်နှင့် မာရက်ဇ်တို့ကို လက်လွှတ်ခဲ့ရကာ ချဲလ်ဆီးအသင်းမှ ကိုဗာဆစ်တစ်ဦးသာခေါ်ယူနိုင်ခဲ့ပြီး ယခုအခါ လိုက်ပ်ဇစ်ခံစစ်ကစားသမား ဂါဗာဒီယိုကိုခေါ်ယူနိုင်ရန် ဆေးစစ်မှုပြုလုပ်နေသည့်အပြင် ကွင်းလယ်ပိုင်းအတွက် ဝီယာ့ဇ်ကိုပါ ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ML




# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၂၂ နွေရာသီအပြောင်းအရွှေ့သည် အသုံးစရိတ်အများဆုံးအသုံးပြုသည့် အပြောင်းအရွှေ့အဖြစ်ရပ်တည်လျက်ရှိ

**လန်ဒန် ဩဂုတ် ၅**

ဥရောပနှင့် ကမ္ဘာ့ဘောလုံးစာမျက်နှာတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများဆုံးအသုံးပြုသည့် ပြိုင်ပွဲအဖြစ် အင်္ဂလန်ပရီးမီးယားလိဂ်က ထိပ်ဆုံးတွင်ဦးဆောင်နေကာ နွေရာသီ အပြောင်းအရွှေ့ကာလ အသုံးစရိတ်အများဆုံးအသုံးပြုသည့် အပြောင်းအရွှေ့ကာလအဖြစ် ၂၀၂၂ နွေရာသီအပြောင်းအရွှေ့က အသုံးစရိတ် ၁ ဒသမ ၉ ဘီလီယံဖြင့် ဦးဆောင်နေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီခြောက်ရာသီဆက်တိုက် နွေရာသီအပြောင်းအရွှေ့စရိတ် အများဆုံးအသုံးပြုခဲ့သည့်ကာလမှာ ၂၀၂၂ နွေရာသီအပြောင်းအရွှေ့က စတာလင်ပေါင် ၁ ဒသမ ၉ ဘီလီယံဖြင့်လည်းကောင်း၊ ၂၀၁၉ နွေရာသီအပြောင်းရွှေ့က စတာလင်ပေါင် ၁ ဒသမ ၄၁ ဘီလီယံဖြင့်လည်းကောင်း၊ ၂၀၁၇ အပြောင်းအရွှေ့က စတာလင်ပေါင် ၁ ဒသမ ၄ ဘီလီယံဖြင့်လည်းကောင်း၊ ၂၀၂၀ အပြောင်းအရွှေ့က စတာလင်ပေါင် ၁ ဒသမ ၃ ဘီလီယံဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ် အပြောင်းအရွှေ့က စတာလင်ပေါင် ၁ ဒသမ ၂ ဘီလီယံဖြင့်လည်းကောင်း၊ ၂၀၂၁ အပြောင်းအရွှေ့က စတာလင်ပေါင် ၁ ဒသမ ၁ ဘီလီယံဖြင့်လည်းကောင်း အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

အဆိုပါအပြောင်းအရွှေ့ကာလများတွင် ချဲလ်ဆီးအသင်း၊ မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့က ကစားသမားဝယ်ယူမှု အများဆုံးပြုလုပ်ခဲ့ကာ အာဆင်နယ်အသင်းက ပြီးခဲ့သည့်နွေရာသီနှင့်ယခုနွေရာသီ အပြောင်းအရွှေ့၌ ကစားသမားခေါ်ယူမှုတွင် ငွေကြေးသုံးစွဲမှုများရှိခဲ့ပြီး လက်ရှိနွေရာသီအပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ အပြောင်းအရွှေ့အသုံးစရိတ်မှာ စတာလင်ပေါင် ၁ ဒသမ ၃ ဘီလီယံဝန်းကျင်ထိရှိလာခဲ့ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ခံစစ်ကစားသမား ကန်ဆယ်လိုကို ဆော်ဒီကလပ်အသင်းတစ်သင်းကခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ကန်ဆယ်လိုကိုခေါ်ယူရန်အတွက် အခက်ကြုံနေရကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက အေဂျက်အသင်း ကစားသမားအက်ဆွန်အယ်ဗာရက်ဇ်ကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဆီဗီလာအသင်းက ဖရန့်ဖတ်ကွင်းလယ်ကစားသမား ဆောကိုပြောင်းရွှေ့ကြေး ၁၀ သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အမျိုးသမီးကမ္ဘာ့ဖလား (၁၆)သင်းရှုံးထွက်အဆင့်တွင် ဂျပန်အသင်းက နော်ဝေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ML

# Los Cabos Open တင်းနစ်ပြိုင်ပွဲ ဖိုင်လ်လုပွဲစဉ်သို့ စတီဖာနို့စ် တက်ရောက်

**မက္ကဆီကိုစီးတီး ဩဂုတ် ၅**

မက္ကဆီကိုနိုင်ငံ လော့ကာဘိုစ်မြို့တွင်ကျင်းပနေသည့် Los Cabos Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်ကစားသမားစတီဖာနို့စ်နှင့် ခရိုအေးရှားတင်းနစ်ကစားသမားကိုရစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၆-၃၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ ဖိုင်လ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဖာနို့စ်သည် အကောင်းဆုံးပုံစံရရှိနေသလို ဆီမီးဖိုင်နယ်အဆင့်တွင် ဝါရင့်တင်းနစ်ကစားသမားကိုရစ်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စတီဖာနို့စ်သည် ဖိုင်လ်လုပွဲစဉ်တွင် ဩစတြေးလျတင်းနစ်ကစားသမားဒီမီနောနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီမီနောသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမားကိုပ်ဖာကို(၆-၂၊ ၆-၇၊ ၆-၂)ရလဒ်ဖြင့်အနိုင်ရရှိကာ ဖိုင်လ်လုပွဲစဉ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။



စတီဖာနို့စ်က "မက္ကဆီကိုမြေမှာ ကစားရတာပျော်စရာကောင်းပါတယ်။ Los Cabos Open တင်းနစ်ပြိုင်ပွဲမှာ ကစားထားနိုင်တဲ့လက်စွမ်းဟာ ဒီနှစ်အတွင်း ကျွန်တော့်ရဲ့အကောင်းဆုံးလက်စွမ်းလို့တောင် သတ်မှတ်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လဲ သက်သောင့်သက်သာနဲ့ ကစားနိုင်အောင် အကောင်းဆုံး ပြင်ဆင်ခဲ့တယ်။ ဆီမီးဖိုင်နယ်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းဟာ ကျွန်တော်လိုချင်တဲ့ ပုံစံမျိုးဖြစ်သလို ကိုရစ်လိုခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာဟာ ကျွန်တော့်အတွက်တော့ အပေါင်းလက္ခဏာဆောင်တဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# WBA Intercontinental စူပါလိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ်

## အင်္ဂလန်လက်ဝှေ့သမား ကက်တာအောက ဂျော့လင်နဲနှင့် ထိုးသတ်သွားမည်




**လီဗာပူး ဩဂုတ် ၅**

WBA Intercontinental စူပါလိုက်ဝိတ်တန်း ချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ကက်တာအောသည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဗင်နီဇွဲလားလက်ဝှေ့သမားဂျော့လင်နဲနှင့် အောက်တိုဘာ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျော့လင်နဲသည် WBA နှင့် WBC လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို အကြိမ်ကြိမ်ရရှိခဲ့ဖူးသူဖြစ်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆုံးရှုံးခဲ့ရပြီးနောက် WBA Intercontinental စူပါလိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူနိုင်ရန် ပစ်မှတ်ထားပြီး ကက်တာအောကို စိန်ခေါ်လာခြင်းလည်းဖြစ်သည်။

ကက်တာအောသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝသို့ ကူးပြောင်းလာခဲ့ပြီးနောက် စိန်ခေါ်ပွဲပေါင်း ၂၈ ပွဲထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာရှိသေးသည့်လက်ဝှေ့သမားဖြစ်သည်။

ဂျော့လင်နဲမှာ ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲပေါင်း ၅၅ ပွဲထိထိုးသတ်ထားပြီး ရှုံးပွဲ ရှစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ကက်တာအောက "ဂျော့လင်နဲဟာ အောင်မြင်မှုများစွာ ဆွတ်ခူးထားသလိုစိန်ခေါ်ပွဲတွေအမြောက်အမြား ထိုးသတ်ထားတဲ့ ချန်ပီယံဟောင်း တစ်ယောက်ပါ။ အတွေ့အကြုံပိုင်းအရ ကျွန်တော့်အနေနဲ့ ဂျော့လင်နဲကို မယှဉ်နိုင်ပါဘူး။ ဒါပေမဲ့လဲကျွန်တော် ပိုင်ဆိုင်ထားတဲ့ခါးပတ်ကို ကာကွယ်နိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဂျော့လင်နဲနဲ့ ထိုးသတ်ခွင့်ရမဲ့ပွဲစဉ်ဟာ ကျွန်တော့်ရဲ့ ကစားသမားဘဝအတွက်အမှတ်တရအဖြစ် ကျန်ရစ်နေမဲ့ စိန်ခေါ်ပွဲဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Wyndham Championship ပြိုင်ပွဲ

## အမှတ်ပေးဇယားကို ရက်ဆဲလ်ဟန်လေ ဆက်လက်ဦးဆောင်

**ဝါရှင်တန် ဩဂုတ် ၅**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် ဂရင်းဘိုရိုမြို့တွင်ကျင်းပနေသည့် Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရက်ဆဲလ်ဟန်လေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟော့စ်ချယ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဘရန်ဒန်တော့၊ ဂလိုဗာ၊ ကနေဒါဂေါက်သီးရိုက်ကစားသမား စဗန်ဆင်နှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ဖြောင်ဟန်အန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာအမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ရက်ဆဲလ်ဟန်လေက "ပထမနေ့လောက် ရလဒ်မကောင်းခဲ့ပေမဲ့လဲ ဒုတိယနေ့အပြီးမှာလဲ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ရပ်တည်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒုတိယနေ့မှာအမှားတချို့ရှိခဲ့ပေမဲ့လဲ ရခဲ့တဲ့ရလဒ်ပိုင်းက စိတ်ကျေနပ်စရာပါပဲ။ ကျွန်တော့်အနေနဲ့Fairway ထဲရောက်အောင် ရိုက်နိုင်ဖို့ အခက်အခဲတချို့ရှိခဲ့ပါတယ်။ ပထမနေ့မှာလို သက်သောင့်သက်သာ မရှိခဲ့ဘူး။ ဒါပေမဲ့လဲ ဒုတိယနေ့တစ်ရက်လုံးမှာကစားနိုင်ခဲ့တဲ့ ပုံစံကိုခြုံကြည့်ရင်တော့ အဆင်ပြေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဘရာဇီးကလပ် ရက်ဘူးဘရာဂန်ချီနို ခံစစ်ကစားသမား နာတန်ကို နာပိုလီအသင်းခေါ်ယူ



**ရောမ ဩဂုတ် ၅**

နာပိုလီအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားသည့် ခံစစ်ကစားသမား ကင်မင်ဂျေး၏နေရာတွင် အစားထိုးရန်အတွက် ဘရာဇီးကလပ် ရက်ဘူးဘရာဂန်ချီနိုအသင်း ခံစစ်ကစားသမားနာတန်ကို ပြောင်းရွှေ့ကြေးယူရို ၁၀ သန်းဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း Footballitalia.com က ယနေ့တွင် ဖော်ပြသည်။

ခံစစ်ကစားသမား နာတန်ကို ယခုအပြောင်းအရွှေ့ကာလအတွင်း စီးရီးအေပြိုင်ဘက် ရိုးမားအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း နာပိုလီအသင်းကသာ လက်ဦးမှုရယူနိုင်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများ ပြုလုပ်ပြီးပါက ကာလရှည်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက် ၂၂ နှစ်ရှိ နာတန်သည် ၂၀၂၂ ခုနှစ်က မိခင်ကလပ် ဖလာမင်ဂိုအသင်းမှ ရက်ဘူးဘရာဂန်ချီနိုအသင်းသို့ ယူရို ၃ ဒသမ ၅ သန်းဖြင့်ပြောင်းရွှေ့ခဲ့သော်လည်း အပြောင်းအရွှေ့တွင် ကစားသမားအနေဖြင့် အခြားကလပ်အသင်းတစ်သင်းသို့ပြောင်းရွှေ့ခဲ့ပါကမိခင်ကလပ်က ပြောင်းရွှေ့ကြေးမှ ၁၂ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည် သဘောတူညီချက်ပါဝင်ခဲ့သည်။

နာတန်သည် ဖလာမင်ဂိုအသင်း လူငယ်ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က ဖလာမင်ဂိုအသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် ရက်ဘူးဘရာဂန်ချီနိုအသင်းသို့ အငှားစာချုပ်ဖြင့်သွားရောက်ကစားခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ရက်ဘူးဘရာဂန်ချီနိုအသင်းနှင့်အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇၁ ပွဲတွင် သွင်းဂိုးသုံးဂိုး သွင်းယူခြေစွမ်းပြသနိုင်ခဲ့သည်။

နာပိုလီအသင်းသည် နည်းပြသစ် ရူဒီဂါစီယာလက်ထက်တွင် ကာပီဂိုးသမား ကာပရီလီတစ်ဦးတည်းသာခေါ်ယူမှုပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ နာတန်ကိုခေါ်ယူနိုင်ရန် သေချာနေသောကြောင့် ဒုတိယမြောက် ကစားသမားသစ်ခေါ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ML

# အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ

## (၁၆)သင်းရှုံးထွက်အဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**အင်္ဂလန် Vs နိုင်ဂျီးရီးယား**

**ကစားမည့်ရက်/အချိန် ၇-၈-၂၀၂၃ (နေ့လယ် ၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိပါ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အင်္ဂလန်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဧး(နိုင်)** |
| **နိုင်ဂျီးရီးယား** | – | **အိမ်(သရေ)** | **ဧး(နိုင်)** | **ဧး(သရေ)** |

အင်္ဂလန်အမျိုးသမီးအသင်းဟာ နည်းပြဝိုင်ဂမန်းလက်ထက်မှာ ခြေစွမ်းပိုင်းထက်မြက်နေသလို ဆုဖလားတွေရယူထားတဲ့အသင်းဖြစ်တာကြောင့် အခုပြိုင်ပွဲမှာလဲ အုပ်စုပထမနဲ့ရှုံးထွက်အဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ နိုင်ဂျီးရီးယားအမျိုးသမီးအသင်းကတော့ အုပ်စုဒုတိယနဲ့ ရှုံးထွက်အဆင့် တက်ရောက်လာပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့အတွေ့အကြုံပိုင်းမှာတော့ အင်္ဂလန်အသင်းကိုယှဉ်လို့မရပါဘူး။ ဒါကြောင့် ကွာတားအဆင့်တက်ရောက်ဖို့ ကြိုးစားလာမဲ့အင်္ဂလန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အင်္ဂလန် ၂ – ၀ နိုင်ဂျီးရီးယား**

**ဩစတြေးလျ Vs ဒိန်းမတ်**

**ကစားမည့်ရက်/အချိန် ၇-၈-၂၀၂၃ (ညနေ ၅း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒိန်းမတ် ၁ – ၃ ဩစတြေးလျ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဩစတြေးလျ** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဧး(နိုင်)** |
| **ဒိန်းမတ်** | – | **အိမ်(နိုင်)** | **ဧး(ရှုံး)** | **ဧး(နိုင်)** |

ဩစတြေးလျအသင်းဟာ ကမ္ဘာ့အဆင့်ကစားသမားတွေနဲ့ အိမ်ရှင်အသင်းဖြစ်နေတာကြောင့် အားသာချက်တွေရှိနေသလို ခြေစွမ်းပိုင်းကလဲ ကနေဒါအသင်းကို အနိုင်ရခဲ့တဲ့ ပွဲစဉ်ကအတိုင်း ကစားနိုင်မယ်ဆိုရင် အခုပွဲစဉ်ကို နိုင်ပွဲရဖို့သေချာပါတယ်။ ဒိန်းမတ်အမျိုးသမီးအသင်းကတော့ တိုက်စစ်ကောင်းတဲ့အသင်းတွေကို ခံစစ်အားပြုကစားပြီး အုပ်စုအဆင့်မှာလဲ ဝီယက်နမ်၊ ဟေတီတို့လိုအသင်းတွေနဲ့ကစားခဲ့ရလို့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းနဲ့ အိမ်ရှင်အားသာချက်ရှိနေတဲ့ ဩစတြေးလျအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဩစတြေးလျ ၂ – ၁ ဒိန်းမတ်**

# ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားကို ရောင်းချမည်မဟုတ်ကြောင်း

## ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ကို မန်စီးတီးအသင်းအကြောင်းကြား

**မန်ချက်စတာ ဩဂုတ် ၅**

မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားကို ရောင်းချမည်မဟုတ်တော့ကြောင်း အဆိုပါ ကလပ်အသင်းများကို အကြောင်းကြားခဲ့သည်ဟု Barcauniversal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်း နည်းပြဇာဗီက ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားကို ခေါ်ယူပေးရန်အတွက် အသင်းတာဝန်ရှိသူများကို တောင်းဆိုထားသောကြောင့် ကနဦး ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ အပြင် အပိုဆုကြေး ၁၀ သန်းပါဝင်သည့် ကမ်းလှမ်းချက်ဖြင့်ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးအသင်းက ပယ်ချခဲ့ပြီး ကွင်းလယ်ကစားသမားကို စာချုပ်သက်တမ်းတိုးရန်သာ ကြိုးပမ်းခဲ့သည်။

သို့သော် ဘာနာဒိုဆေးဗားက မန်စီးတီးအသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို လက်မခံခဲ့သဖြင့် ပီအက်စ်ဂျီအသင်းကလည်း ပြောင်းရွှေ့ကြေး သန်း ၈၀ ဖြင့်ခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့သောကြောင့် မန်စီးတီးအသင်းက ၎င်းတို့ကစားသမားကို စာချုပ်သက်တမ်းမတိုးနိုင်ပါကလည်း လက်ရှိနွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်မဟုတ်ကြောင်း ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကို တရားဝင်အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားသည် ၂၀၁၇ ခုနှစ်က မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၀၆ ပွဲကစားခဲ့ရာ သွင်းဂိုး ၅၅ ဂိုး သွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ဆုဖလား ငါးကြိမ်၊ ကွန်မြူနတီဒိုင်းနှစ်ကြိမ်၊ အက်ဖ်အေဖလားနှစ်ကြိမ်၊ ကာရာဘောင်းဖလား လေးကြိမ်၊ ချန်ပီယံလိဂ်ဆုဖလား တစ်ကြိမ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ဘာနာဒိုဆေးဗားကို ရောင်းချမည်မဟုတ်ဘဲ စာချုပ်သက်တမ်းတိုးရန်သာ ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။ ML

# KF-21 တိုက်လေယာဉ်ပူးတွဲတည်ဆောက်ရန်ကြိုးပမ်းနေသော အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား




ဘဏ္ဍာရေးအကျပ်ရိုက်နေသောအင်ဒိုနီးရှားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ KF-21 Boramae အဆင့်မြင့် တိုက်လေယာဉ်တည်ဆောက်မှုအစီအစဉ်တွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန် အခိုင်အမာဆုံးဖြတ်ထားခြင်းသည် ၎င်း၏လေတပ်ကို အရေးပေါ်အဆင့်မြှင့်တင် တည်ဆောက်သွားရန် လိုအပ်နေကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံပိုင် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် PT Dirgantara Indonesia(PTDI) က အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ KF-21 Boramae စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်တည်ဆောက်မှုတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း ပြောကြားသွားသည်။

PTDI က အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် ဇွန်လထိ လေယာဉ်ထုတ်လုပ်မှုကုန်ကျစရိတ်များအနက် ၎င်းတို့ပေးဆောင်ရမည့် ၂၀ ရာခိုင်နှုန်းကို ပေးချေပြီးဖြစ်ကြောင်း၊ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ ပေးချေမှုအစီအစဉ်အတွက် အချိန်ကန့်သတ်ချက်အတိအကျ ထုတ်ပြန်ရခြင်းမရှိသေးကြောင်း၊ PTDI အနေဖြင့် လေယာဉ်ထုတ်လုပ်မှုကုန်ကျစရိတ်များအနက် ၃၂ ရာခိုင်နှုန်း ပေးချေသွားရန်စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

သို့သော် တောင်ကိုရီးယားကာကွယ်ရေးပစ္စည်းဝယ်ယူရေးအစီအစဉ်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့ (DAPA) က အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လေယာဉ်ထုတ်လုပ်ရေးအတွက် ငွေပေးချေရန်လိုအပ်နေဆဲဖြစ်ကြောင်းနှင့် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ကိုရီးယားအာကာသစက်မှုလုပ်ငန်း (KAI) သည် အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံ အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

DAPA အနေဖြင့် လေယာဉ်တည်ဆောက်မှုနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှား အဆင့်မြင့်အရာရှိများနှင့် ဆွေးနွေးညှိနှိုင်းသွားရန် စီစဉ်လျက်ရှိကြောင်း၊ လေယာဉ်ထုတ်လုပ်မှုကုန်ကျစရိတ် မျှဝေကျခံရေးနှင့် စီမံကိန်းလုပ်ငန်းပုံမှန်လည်ပတ်နိုင်ရေးအတွက်လည်း အင်ဒိုနီးရှားအစိုးရနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူစာချုပ်အရ လေယာဉ်တည်ဆောက်ရေးအတွက် ထည့်ဝင်ရမည့် ကုန်ကျစရိတ်အားလုံးပေးချေပြီးချိန်တွင် KF-21 တိုက်လေယာဉ် ရှေ့ပြေးနမူနာပုံစံတစ်စင်း လက်ခံရရှိသွားမည်ဖြစ်သည်။ KF-21 စီမံကိန်းတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားရေး အင်ဒိုနီးရှား၏ ခိုင်မာသောဆုံးဖြတ်ချက်သည် အင်အားချည့်နဲ့နေသော အင်ဒိုနီးရှားလေတပ် (IDAF)ကို အဆင့်မြှင့်တင်သွားလိုသောဆန္ဒကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

IDAF သည် ၎င်း၏ဝေဟင်ပိုင်နက်ကို လွှမ်းခြုံကာကွယ်နိုင်ရေးနှင့် ပြောင်းလဲလာသောလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် လေတပ်ကို အဆင့်မြှင့်တင်နိုင်ရေး နည်းလမ်းရှာကြံဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဧပြီလထိ IDAF သည် F-16s ၃၃ စင်း၊ Su-30s ၁၁ စင်းနှင့် Su-27s ငါးစင်းအပါအဝင် အမေရိကန်နှင့်ရုရှားနိုင်ငံထုတ် ဂျက်တိုက်လေယာဉ် ၄၉ စင်းဖြင့်သာ တာဝန်ထမ်းဆောင်လျက်ရှိပြီး Su-30 သည် IDAF ၏ အဓိက တိုက်လေယာဉ်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားနိုင်ငံသည် ရုရှား၏ Su-35 တိုက်လေယာဉ်များဝယ်ယူရန် စီစဉ်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ရုရှားနိုင်ငံမှ Su-35 တိုက်လေယာဉ်များ ဝယ်ယူရေးစီစဉ်ထားသော်လည်း အမေရိကန်က ၎င်း၏ရန်သူများကို တုံ့ပြန်သည့် ပိတ်ဆို့မှုတ်မှုအက်ဥပဒေ(CAATSA)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသဖြင့် ဝယ်ယူနိုင်ခြင်းမရှိသေးပေ။ ၎င်းအက်ဥပဒေသည် ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယားတို့ကို ပစ်မှတ်ထားလျက်ရှိသည်။ အမေရိကန်သည် ရုရှားတိုက်လေယာဉ်များနေရာတွင် အစားထိုးမှုတစ်ရပ်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံကို F-15EX တိုက်လေယာဉ် ၃၆ စင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သော်လည်း လေယာဉ်တစ်စင်းချင်းစီ၏ ဈေးနှုန်းကြီးမြင့်မှုအပြင် ဂျက်လေယာဉ်၏ အီလက်ထရွန်နစ်နည်းပညာ၊ လက်နက်စနစ်များနှင့် စပ်လျဉ်း၍ အမေရိကန်၏ကန့်သတ်ချက်များကြောင့် အင်ဒိုနီးရှားနိုင်ငံသည် Rafales တိုက်လေယာဉ်များကိုသာ ရွေးချယ်ခဲ့ရသည်။ သို့သော် ဘတ်ဂျက်ကန့်သတ်ချက်များနှင့် အခြားသောဦးစားပေးအစီအစဉ်များရှိနေသောကြောင့် အင်ဒိုနီးရှားအနေဖြင့် Rafales တိုက်လေယာဉ်ကိုလည်း အရေအတွက်အနည်းငယ်လောက်သာ ဝယ်ယူနိုင်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကာကွယ်ရေးဘတ်ဂျက်ကန့်သတ်ချက်များရှိနေသော်လည်း လေယာဉ်အသစ်များဝယ်ယူရန် ကြိုးပမ်းလျက်ရှိပြီး ယခုလအတွင်း Qatari Mirage 2000-5 ဂျက်တိုက်လေယာဉ် ၁၂ စင်း ဝယ်ယူခဲ့သည်။ Mirage လေယာဉ်များသည် သက်တမ်းရင့် Northop F5s လေယာဉ်များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး Supadio လေတပ်အခြေစိုက်စခန်း၌ တပ်ဖြန့်ချထားမည်ဖြစ်သည်။ တာဝန်မှအနားပေးသွားမည့် Northop F5s များကို လေ့ကျင့်ရေးလေယာဉ်အဖြစ်အသုံးပြုသွားမည်ဖြစ်သည်။

KF-21 စီမံကိန်းသည် Rafale တိုက်လေယာဉ်ထက် ပိုမိုကောင်းမွန်သည်။ Rafale တိုက်လေယာဉ်သည် ၁၉၈၆ ခုနှစ်ကတည်းက စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ Rafale တိုက်လေယာဉ်သည် ကိုယ်ပျောက်စွမ်းဆောင်ရည်နှင့် အင်ဂျင်စွမ်းဆောင်ရည်များ အားနည်းသောကြောင့် လေယာဉ်ပေါ်မှပစ်ခတ်နိုင်သောခရူဇ်ဒုံးကျည် (ALCM) စွမ်းဆောင်ရည်များ လိုအပ်လျက်ရှိသည်။ KF-21 တိုက်လေယာဉ်သည် ကုန်ကျစရိတ်သက်သာသော်လည်း Rafale တိုက်လေယာဉ်ထက် စွမ်းဆောင်ရည်ပိုမိုသည်။

တောင်ကိုရီးယားနိုင်ငံသည် KF-21 တိုက်လေယာဉ်ကို ပြည်ပသို့တင်ပို့မည့် အဆင့်မြင့်လက်နက်နည်းပညာအဖြစ် ရှုမြင်ထားရှိသည်။ အနောက်တိုင်းလေယာဉ်များထက် ဈေးနှုန်းပိုမိုသက်သာသောကြောင့် ဝယ်ယူသူဖောက်သည်များမည့် အလားအလာလည်း ရှိနေသည်။ KF-21 တည်ဆောက်မှုသည် တောင်ကိုရီးယား၏ တောင်ပိုင်းမူဝါဒသစ်ကို ပိုမိုအထောက်အကူဖြစ်လျက်ရှိသည်။ ၎င်းမူဝါဒသစ်အရ တောင်ကိုရီးယားနိုင်ငံသည် ဒေသတွင်း၌ စစ်လက်နက်ပစ္စည်း ရောင်းချမှုရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းထားရင်း အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ နီးကပ်စွာဆောင်ရွက်လျက်ရှိသည်။

> ❖ တောင်ကိုရီးယားကာကွယ်ရေးပစ္စည်း ဝယ်ယူရေးအစီအစဉ်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့ (DAPA) က အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လေယာဉ်ထုတ်လုပ်ရေးအတွက် ငွေပေးချေရန်လိုအပ်နေဆဲဖြစ်ကြောင်းနှင့် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ကိုရီးယားအာကာသစက်မှုလုပ်ငန်း (KAI) သည် အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ ❖

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် KAI နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(UAE)တို့ကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးပြီးနောက် KAI သည် အရှေ့အလယ်ပိုင်းဒေသသို့ ၎င်း၏တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ တင်ပို့သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ UAE သည် အမေရိကန်နှင့် ပြင်သစ်တိုက်လေယာဉ်များထက် လက်နက်တပ်ဆင်ရာတွင် ကန့်သတ်ချက်နည်းပါးသော KF-21 တိုက်လေယာဉ်များကို ပိုမိုသဘောကျလျက်ရှိသည်။

ပိုလန်နှင့် မလေးရှားနိုင်ငံတို့အနေဖြင့်လည်း KF-21 တိုက်လေယာဉ် ဝယ်ယူသွားမည့်အလားအလာရှိနေသည်။ ပိုလန်လက်နက်တပ်ဆင်ရေးအဖွဲ့ (PGZ) သည် KF-21 တိုက်လေယာဉ်ကို စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိပြီး ၎င်းလေယာဉ်ဝယ်ယူသွားမည့်အစီအစဉ်ကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ် ဆုံးဖြတ်သွားမည်ဖြစ်သည်။ ပိုလန်သည် တောင်ကိုရီးယားနိုင်ငံမှ FA-50 အပေါ့စားတိုက်လေယာဉ် အစင်း ၅၀ မှာယူပြီးဖြစ်သည်။ FA-50 တိုက်လေယာဉ်ကို KAI နှင့် အမေရိကန်၏လော့ခ်ဟိဒ်မာတင်ကုမ္ပဏီတို့က ပူးတွဲတည်ဆောက်ထားခြင်းဖြစ်သည်။

မလေးရှားနိုင်ငံအနေဖြင့်လည်း ၎င်း၏ Su-30 MKMs နှင့် F/A-18s များနေရာတွင် အစားထိုးရန်အတွက် FA-50 သို့မဟုတ် KF-21 ကို ရွေးချယ်သွားရန်ရှိသည်။ KF-21 သည် မလေးရှားနိုင်ငံတွင် လက်ရှိအသုံးပြုနေသော Su-30s MKMs များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားဖွယ်ရာရှိနေသည်။ လက်ရှိအချိန်တွင် ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံမှ အပိုပစ္စည်းများတင်သွင်းရန် အခက်အခဲဖြစ်ပေါ်နေသဖြင့် Su-20s လေယာဉ်များပြုပြင်ထိန်းသိမ်းရေးအတွက် အကျပ်အတည်းဖြစ်နေသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်း၏ရေရှည်ဗျူဟာအစီအစဉ်အတွက် တောင်ကိုရီးယားနိုင်ငံကို အဓိကမိတ်ဖက်နိုင်ငံအဖြစ် သဘောထားခဲ့ရာမှ ရပ်ဆိုင်းရန်ဆုံးဖြတ်ခြင်းနှင့်အတူ KF-21 စီမံကိန်းအတွက် ငွေပေးချေရန် အခက်အခဲဖြစ်ပေါ်နေခြင်းတို့သည် နှစ်နိုင်ငံစလုံးအတွက် ဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် KF-21 တိုက်လေယာဉ်တည်ဆောက်မှုစီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် အချိုးကျကုန်ကျငွေပေးချေရန် ပျက်ကွက်နေခြင်းသည် သံတမန်ဆက်ဆံရေးနှင့် ယုံကြည်မှုတို့အပေါ် ထိခိုက်စေနိုင်မည့်အပြင် အနာဂတ်တွင် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အဟန့်အတားဖြစ်စေနိုင်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တောင်ကိုရီးယား KF-21 တိုက်လေယာဉ်အစီအစဉ်တွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း ပြောဆိုထားသော်လည်း အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဘေးဖယ်ခံရခြင်း သို့တည်းမဟုတ် ဘဏ္ဍာငွေတတ်နိုင်သော အခြားမိတ်ဖက်နိုင်ငံများနှင့် အစားထိုးခံရမည့်အန္တရာယ်နှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

**ကိုးကား**

- **Indonesia - S Korea in a turbulent fighter jet marriage by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ရန်ကင်းမြို့နယ် အရှေ့တိုင်းပန်းချီပြခန်းတွင် ပန်းချီဆရာ ခုနစ်ဦး၏ ပန်းချီလက်ရာများကို စုစည်းပြသမည်



**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ အရှေ့တိုင်းပန်းချီပြခန်းတွင် ပန်းချီဆရာ ခုနစ်ဦး၏ ပန်းချီလက်ရာများကို စုစည်းပြသမည်ဖြစ်ကြောင်း အဆိုပါပြခန်းမှ တာဝန်ခံ ပန်းချီ အောင်နိုင်သူက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲကို ဩဂုတ် ၇ ရက်မှ ဩဂုတ် ၁၁ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပန်းချီ ကိုကိုအောင်၊ ပန်းချီ မျိုးမြတ်၊ ပန်းချီ ပေါ်လွင်၊ ပန်းချီဆရာမ သူဇာဦး၊ ပန်းချီဆရာမ ပင်ဂီ၊ ပန်းချီဆရာ အမရာတင်၊ ပန်းချီဆရာ ချမ်းမြလင်းတို့၏ လက်ရာစုံအရောင်အသွေးစုံ ပန်းချီကား ၇၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကာ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"မျက်နှာသစ် ပန်းချီဆရာ ခုနစ်ယောက်ရဲ့ ပန်းချီလက်ရာတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ အများစုကတော့ ၂၀၂၀ ပြည့်နှစ်လောက်က ရေးဆွဲထားတဲ့ပန်းချီကားတွေဖြစ်ပါတယ်။ လူငယ်မျက်နှာသစ်တွေကို နေရာပေးချင်တဲ့အတွက် သူတို့ပန်းချီကားလေးတွေကိုစုစည်းပြသပေးမှာပါ"ဟု ပန်းချီပြခန်းမှ တာဝန်ခံ ပန်းချီ အောင်နိုင်သူက ပြောပြသည်။

ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မရှိပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် တစ်သိန်းမှ ငါးသိန်းထိရှိကြောင်း သိရသည်။

ASH

# Dead Reckoning Part One ၏ ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၄၅၀ ကျော်လွန်

**နယူးယောက် ဩဂုတ် ၅**

Paramount ကုမ္ပဏီ၏ Mission: Impossible-Dead Reckoning Part One ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၄၅၀ ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

Dead Reckoning Part One ဇာတ်ကားသည် စတင်ရုံတင်ပြီး သီတင်းပတ် သုံးပတ်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂ ရက်တွင် Dead Reckoning Part One ၏ စုစုပေါင်း ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၂၄ သန်းနှင့် နိုင်ငံတကာဈေးကွက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၀၉ သန်းထိရှိလာခဲ့ရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၅၁ သန်းထိရှိလာခဲ့သည်။

အဆိုပါဇာတ်ကား၏ ဝင်ငွေအကောင်းဆုံး ပြည်ပရုပ်ရှင်ဈေးကွက်မှာ တရုတ်ရုပ်ရှင်ဈေးကွက်ဖြစ်ပြီး ၎င်းဈေးကွက်မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၂ သန်းထိရရှိခဲ့ကြောင်း သိရသည်။

Paramount ကုမ္ပဏီသည် Dead Reckoning Part One ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၁၂ ရက်က ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျွန်းမွှေးသား၊ မလေးရှားပိတောက်သားတို့ဖြင့်ထုလုပ်ထားသော ခြင်္သေ့ရုပ်များဝင်ရောက်လာ

**ပဲခူး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျွန်းမွှေးသား၊ မလေးရှားပိတောက်သားတို့ဖြင့် ထုလုပ်ထားသော ခြင်္သေ့ရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီအနီးရှိ ရွှေယမင်း အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ ပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

လက်ရှိတွင် ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးခရီးသွားဇုန်သို့ ပြည်ပနိုင်ငံသားများ လာရောက်လည်ပတ်လျက်ရှိသည့်အတွက် ပန်းပုရုပ်လက်ရာသစ်များ ဈေးကွက်အတွင်း ပိုမိုဝင်ရောက်နေကြောင်း၊ အဆိုပါပန်းပုရုပ်များသည် ပဲခူးတိုင်းဒေသကြီး ရွှေမော်ဓောစေတီ ပန်းပုတန်းများမှ ပန်းပုဆရာများ၏စိတ်ကြိုက် ထုလုပ်ထားသည့် လက်ရာများဖြစ်ကာ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဩဂုတ်လ ပထမပတ်အတွင်း ပန်းပုရုပ်အရေအတွက် ၆၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။



"အခု ဈေးကွက်ထဲဝင်လာတဲ့ မလေးရှားပိတောက်သား၊ ကျွန်းမွှေးသားနဲ့ထုလုပ်ထားတဲ့ ခြင်္သေ့ရုပ်တွေကတော့ မြန်မာ့ရိုးရာပန်းပုလက်ရာဖြစ်ပါတယ်။ တောတွင်းကကေသရာဇာခြင်္သေ့မင်း ပုံစံမဟုတ်ဘဲ ဘုရားစေတီပုထိုးတွေမှာ တွေ့ရတဲ့ ဘုရားခြင်္သေ့၊ ပန်းခြင်္သေ့ဖြစ်ပါတယ်"ဟု ဒေါ်အေးအေးမော်က ပြောပြသည်။

အဆိုပါ အမြင့် ရှစ်လက်မနှင့် အမြင့် ငါးလက်မ အရွယ်အစား၊ ကျွန်းမွှေးသား၊ မလေးရှားပိတောက်သားတို့ဖြင့် ထုလုပ်ထားသော ရိုးရာပန်းပုလက်ရာ ခြင်္သေ့ရုပ်များမှာ အရွယ်အစားကိုလိုက်၍ တစ်ရုပ်လျှင် ငွေကျပ် ၈၀၀၀၀ မှ ငွေကျပ် ၁၀၀၀၀၀ ထိရှိကြောင်း သိရသည်။

ASH

# The Bride of Frankenstein ကို ဒါရိုက်တာမဂ္ဂီဂျီလန်ဟေး ပြန်လည်ဆန်းသစ်ရိုက်ကူးမည်

**နယူးယောက် ဩဂုတ် ၅**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Bride of Frankenstein ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မဂ္ဂီဂျီလန်ဟေးက ပြန်လည်ဆန်းသစ်ရိုက်ကူးမည်ဖြစ်ကြောင်းMovieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၄ ရက်တွင် ရေးသားတင်ပြထားသည်။

ကမ္ဘာကျော် Frankenstein ဇာတ်ကား၏နောက်ဆက်တွဲ ဇာတ်ကားအဖြစ် ဒုတိယအကြိမ်ရိုက်ကူးသည့် Bride of Frankenstein (1935) သည် မူရင်းဇာတ်ကားထက် ဇာတ်လမ်းဇာတ်ကွက် ပိုကောင်းသည့် ရှားရှားပါးပါးရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Bride of Frankenstein ဇာတ်ကားကို တတိယအကြိမ်အဖြစ် ဒါရိုက်တာ မဂ္ဂီဂျီလန်ဟေးက Netflix ကုမ္ပဏီအတွက် ပြန်လည်ဆန်းသစ်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း၊ The Bride of Frankenstein ဇာတ်ကားတွင် မင်းသား ခရစ္စတီယန်ဘေးက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၄ ခုနှစ် နှစ်စပိုင်းတွင်စတင်ရန် Netflix ကုမ္ပဏီက စီစဉ်ထားပြီး လက်ရှိတွင် The Bride of Frankenstein ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်း၌ ပွဲခင်းဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်းတွင် ဇာတ်ပွဲများ၊ ဆပ်ကပ်များပါဝင်သော ပွဲခင်းဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၄ ရက်က စတင်ကျင်းပနေကြောင်း အဆိုပါပွဲခင်းဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်စီစဉ်သူ ဇာတ်မင်းသမီးကြီး ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

အဆိုပါပွဲခင်း ဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၄ ရက်မှစတင်ကာ ညစဉ် ည ၇ နာရီမှ ည ၁၀ နာရီထိ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်းအတွင်း ကျင်းပနေကြောင်း သိရသည်။

"ပွဲဈေးတန်းလျှောက်လည်ရတဲ့အရသာကို အပြည့်အဝခံစားရမဲ့ ပွဲခင်းအစီအစဉ်ကို ဩဂုတ် ၄ ရက်ကစပြီး ဩဂုတ်တစ်လလုံး အပတ်စဉ် သောကြာ၊ စနေနေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပွဲခင်းအစီအစဉ်မှာ ပွဲဈေးတန်းတွေ၊ လူကြီးလူငယ်မရွေး ပါဝင်နိုင်တဲ့ ကစားနည်းမျိုးစုံ၊ ဇာတ်သဘင်ပွဲတွေ၊ ဆပ်ကပ်ပွဲ၊ မျက်လှည့်ပွဲနဲ့ အခြားပွဲလမ်းသဘင်တွေ ပါဝင်တယ်လို့ဆိုပါတယ်"ဟု ပွဲစီစဉ်သူ ပတ္တမြားကေခိုင်က ပြောပြသည်။

အဆိုပါ ပွဲခင်းဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်တွင် ရွှေမန်းသဘင်မှ ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၊ သရုပ်ဆောင် ကျော်ကျော်ဗိုလ်၊ စိန်မဟာသဘင်မှ မင်းသား ဈာန်ဟိန်း၊ မင်းသမီးကြီး ပတ္တမြားကေခိုင်၊ ရွှေနန်းတင်ဇာတ်သဘင်မှ ဇာတ်မင်းသားကြီး နန်းဝင်း၊ ဇာတ်မင်းသမီးကြီး နန်းခင်မွှေး၊ သရုပ်ဆောင် ဝေဠုကျော်၊ အငြိမ့်မင်းသမီး ရေကြည်ချမ်းမြ၊ အဆိုတော် ထက်အဥ္ဇလီတို့အပြင် ဆပ်ကပ်၊ မျက်လှည့် အာဇာနည်စန်းစန်း စသည့်ဖျော်ဖြေရေးအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၆၀ ခန့် လာရောက် ရောင်းချကြမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ ပရိသတ်များ ရုပ်မြင်သံကြားဖန်သားပြင်မှ ကြည့်ရှုနိုင်ရန် ပွဲခင်းအစီအစဉ် ပြန်လည်ထုတ်လွှင့်ခြင်းကို Myanmar Art, Channel K, Sky Net Channel လိုင်းတို့မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Authorities provide 20.3 b kyats of agricultural loans to farmers for rainy season crops


Transplanting in progress in a rice field.

**Mandalay August 5**

A branch of Myanmar Agricultural Development Bank in Mandalay Region has lent more than 20.3 billion kyats of rain crop cultivation loans to farmers this year, according to the bank.

The bank has lent rain crop planting loans to farmers since the third week of May. Currently, 20,362.90 million kyats of loans for more than 207,400 acres of crops have been lent to 38,174 farmers in 455 villages in 23 townships in the region, said U Soe Ko Win, the regional manager of Myanmar Agricultural Development Bank Branch in Mandalay Region.

"The loans will be provided to farmers until the end of September. The interest rate is 5 percent per annum," he explained.

The 2023 rain crop cultivation loans have already been lent to the farmers in 23 townships in the region. They are Chanayethazan, Amarapura, Patheingyi, PyinOoLwin, Madaya, Singu, Thabeikkyin, Kyaukse, Singaing, TadaU, Myittha, Mitila, Wundwin, Mahlaing, Thazi, Myingyan, Taungtha, Natogyi, Ngazun, Yamethin, Pyawbwe, NyaungU and Kyaukpadaung townships.

185

# Imran Khan: Pakistan ex-PM given three-year jail sentence

**Islamabad August 5**

Former Pakistan Prime Minister Imran Khan has been given a three-year jail sentence over corruption allegations.

Mr Khan was found guilty of not declaring money earned from selling gifts he received in office. He denies the charges and says he will appeal.

After the verdict, Mr Khan was taken into custody from his home in Lahore.

In a pre-recorded statement on X, formerly known as Twitter, he told his supporters: "I have only one appeal, don't sit at home silently."

The former cricketer-turned-politician, 70, was elected in 2018, but was ousted in a no-confidence vote last year after falling out with Pakistan's powerful military.

Mr Khan is facing more than 100 cases brought against him since his removal - charges he says are politically motivated.

Saturday's verdict centred on charges that he incorrectly declared details of presents from foreign dignitaries and proceeds from their alleged sale.

The gifts - reported to be worth more than 140m Pakistani rupees ($635,000; £500,000) - included Rolex watches, a ring and a pair of cuff links.

BBC

# Production road in Sagaing Township to benefit over 2,300 acres of crop plantations

**Sagaing August 5**

The construction of a manufacturing road has been completed in Sagaing Township, Sagaing Region benefiting more than 2,300 acres of crop plantations, according to the Sagaing District Rural Development Department.

The road project located in Hsintat Village started in the fourth week of June this year in the current 2023-2024 fiscal year. Upon completion, the road will benefit 2,351 acres of plantations. Now the project has finished cent per cent.

"We started the project in June and have finished it. Thanks to the emergence of the production road, local farmers will be able to transport their goods easily thereby contributing to their socio-economy," said Daw Yin Yin Cho, head of the Sagaing District Rural Development Department.

The earthen road is nearly four miles long and 24 feet wide. Now, officials of the department are conducting a field trip to check if the road meets the set standard.

Efforts are being made to make Hsintat Village a smart village for its sustainable development and its people's living standard improvement by providing all necessary assistance including agricultural inputs, cash assistance and technological aid, according to the department. 206


A manufacturing road under construction.

# Authorities sell 12 Daedong farm machines from South Korea to cooperative farmers

**Mandalay August 5**

A total of 12 Daedong farm machines from South Korea have been sold to cooperative farmers in 12 townships in Mandalay Region at a low price in this fiscal year, according to the Cooperative Department for Mandalay Region.

The seven types of Daedong farm equipment are sold to the farmers of the cooperative association by installment system or cash down system according to the type of equipment they like since April and 12 Daedong farm machines were sold till now. These types of machines are DT-100 N, CK-2810, DS-3510, DS-4110, DS-4510, EX- 50 HP and RX-7620, said U Hlaing Moe, Deputy Director of the Cooperative Department for Mandalay Region.

"For farmers who are mainly engaged in agriculture, to convert from manual farming to mechanized farming, agricultural equipment was sold at a lower price than the market price. We will sell 25 units in this fiscal year," he explained.

The townships where Daedong agricultural equipment was sold are Amarapura, PyinOoLwin, Thabeikkyin, Myittha, TadaU, Meiktila, Mahlaing, Taungtha, Ngazun, Pyawbwe, NyaungU and Kyaukpadaung townships.

185

# Thousands leave Scout camp after S Korea heatwave

**Seoul August 5**

UK scouts are leaving an international event in South Korea that has been hit by extreme heat.

Hundreds have fallen ill at the outdoor World Scout Jamboree, which is attended by more than 40,000 young people from around the world, amid 35C (95F) heat.

The British group of 4,500, the largest in attendance, is moving from Saemangeum to Seoul, the Scout Association confirmed.

The US and Singaporean teams are also pulling their scouts out of the event.

South Korea's government said it was sending 60 more medics and 700 service workers to maintain the toilets and showers, with many countries staying at the site for the next week.

The jamboree, described as the world's largest youth camp, gathers scouts from around the world every four years, each time in a different country.

Most of those attending are aged between 14 and 18, and 155 countries are represented.

This is the first jamboree since the pandemic and is due to run until 12 August.

Coaches of British teenagers have begun arriving back in Seoul - about 120 miles (197km) from the campsite - and will spend the next week in hotels.

BBC


Hundreds have been treated for heat-related illnesses.

# Plan to sell more than 5,000 bags of locally manufactured fertilizers to storm-victim farmers in Rakhine State


Workers piling bags of rice in a warehouse.

**Sittway August 5**

More than 5,000 tons of domestically produced fertilizer will be sold to local farmers engaging in cultivation of paddy in the storm-affected areas of Rakhine State at a lower price, said Director U Tun Myint of Rakhine State Department of Agriculture.

Priority will be given to selling fertilizers to the farmers from storm-hit Sittway, Yathedaung, Ponnagyun, Pauktaw, MraukU, Kyauktaw, Maungtaw and Buthidaung townships at the affordable price for operating the paddy seeds production farms and model farms.

"Fertilizers will be sold at a low price to the storm-affected farmers in Rakhine State. Such urea fertilizer was produced by Myanmar Oil and Gas Enterprise, and more than 5,000 tons of stocks will be sold. The department is cooperating with the state government team to ensure that the fertilizer bags reach the farmers on time," the director explained.

Currently, local farmers in Rakhine state buy fertilizer at a price of up to K150,000 per bag.

The basic price of the bags of fertilizer to be sold by Myanmar Agriculture is K30,000 per bag, and the transportation costs will vary by township.

In addition to this, the Ministry of Agriculture, Livestock and Irrigation has purchased and distributed more than 7,000 baskets of rice to the rice farmers in the storm-hit Rakhine State under the guidance of the National Disaster Management Committee. ASH

# About 17 Irrawaddy dolphins found in Ayeyawady River in Madaya Township since August 3

**Mandalay August 5**

The Irrawaddy dolphins in the Ayeyawady River have been moving and grazing in Myayzun Village, Madaya Township since August 3, according to U Maung Maung Lay, leader of the Irrawaddy Dolphin Conservation Group in Mandalay Region.

During the current high water period of the Ayeyawady River, the Irrawaddy dolphins are moving to live and feed in groups. Previously, the Irrawaddy dolphins were living and grazing in groups near Indaung Village, Wetlet Township.

Domestic travelers who want to see the Irrawaddy dolphins can visit Myayzun Village, Madaya Township to see them.


Some Irrawaddy dolphins being spotted in the Ayeyawady River.

During survey conducted from February 10 to 20 in 2020 between Mandalay and Bhamo, Kachin State, 28 dolphins were found in the area between Mandalay and Kyaukmyaung (Irrawaddy Dolphin Conservation Area 1), 37 dolphins between Male in Kanbalu Township and Shweku in Kachin State including Htigyaing-Katha-Shweku (Irrawaddy Dolphin Conservation Area 2) and 14 dolphins in Bhamo Township. 184

# Tourism & Green Investment' Photo Contest to mark World Tourism Day 2023

**Yangon August 5**

As a gesture of hailing the World Tourism Day, the Tourism & Green Investment' will be staged, according to the Yangon Region Directorate of Hotels and Tourism.

Such a photo contest aims to expose tourism beauties of Myanmar and tourist destinations to mark the World Tourism Day which falls on 27 September 2023.

"Winners of the contest will be awarded at the ceremony to mark the World Tourism Day to be held in Nay Pyi Taw on 27 September 2023," said director U Nanda Aung.

Entries must be sent to the Yangon Region Directorate of Hotels and Tourism from 4 to 29 August, and first prize winner will secure K700,000, the second K500,000, the third K300,000 and 15 consolation prize winners K100,000 each.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bago Region authorities to build gasifiers at 1,391 rice mills

**Bago August 5**

Plans are underway to build paddy husk-fired gasifiers for generating electricity for 1,391 rice mills in the region, said region minister for economic affairs U Tin Oo.

Gasifiers are under construction at the rice mills, and so far, 30 rice mills have been facilitated with gasifiers in generating electricity.

"As part of contributing to the fulfillment of electricity supply in the region, plans are being implemented at industrial zones and MSME businesses in the region. Currently, we use paddy husk-fired gasifiers and solar energy for generating electricity. So far, 30 of 1,391 rice mills have been installed with gasifiers to generate electricity for their operations. Some factories are also making preparations to generate electricity from solar energy. It is believed that these efforts will contribute much to supply of electricity in the region," said the minister.

Currently, rice mills and other industries with lack of chance to enjoy electrification from the national grids are using gasifiers.

A total of 412 gasifier-used industries have been registered comprising 13 in Yangon Region, 78 in Sagaing Region, 16 in Bago Region, two in Mandalay Region and 303 in Ayeyawady Region. Of them, rice mills are using 319 gasifiers and other industries, 21 gasifiers.

According to the information, the Ministry of Science and Technology decided to cooperate with MSME businesspersons using gasifiers and experts to build the systematic gasifiers across the nation. ASH


A newly installed gasifier.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီက ယူကရိန်းအတွက် တာဝေးပစ်ဒုံးကျည်များပံ့ပိုးခြင်းမပြုဟု ကာကွယ်ရေးဝန်ကြီးပြောကြား



ဂျာမနီနိုင်ငံသည် ယူကရိန်းကို တာဝေးပစ်ဒုံးကျည်များ ပံ့ပိုးခြင်းမပြုဘဲ ယခုအချိန်တွင် ထိုသို့ပံ့ပိုးခြင်းသည် ထိပ်တန်းဦးစားပေးမဟုတ်ကြောင်း ဩဂုတ် ၃ ရက်တွင် ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် မေလနှောင်းပိုင်းတွင် အကွာအဝေးကီလို မီတာ ၅၀၀ (မိုင် ၃၁၀) ထိ တိုက်ခိုက်နိုင်စွမ်းရှိသော Taurus ဝေဟင်မှမြေပြင်ပစ်ခရုဇ်ဒုံးကျည်များ ပံ့ပိုးပေးရန် ဂျာမနီထံ တောင်းဆိုခဲ့သော်လည်း အစိုးရက ယခုအချိန်ထိ ငြင်းဆိုထားဆဲဖြစ်သည်။

"အခုအချိန်မှာ ဒါဟာ ကျွန်တော်တို့ရဲ့ ထိပ်တန်းဦးစားပေး မဟုတ်ဘူးဆိုတာ ယုံကြည်နေပါတယ်"ဟု Bavaria မြို့ရှိ တောင်တက်ခြေလျင်တပ်မဟာသို့ သွားရောက်လည်ပတ်စဉ် Pistorius က ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းသို့ တာဝေးပစ်ဒုံးကျည်များ ပေးပို့ခြင်းနှင့်ပတ်သက်၍ မိမိတို့တွင် စိုးရိမ်မှုများရှိသည်မှာ ထင်ရှားကြောင်း Pistorius က ပြောကြားခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အမေရိကန်မဟာမိတ်များပင်လျှင် အဆိုပါ တာဝေးပစ်ခရုဇ်ဒုံးကျည်များကို ပေးပို့ခြင်းမပြုပါဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကနဦးကတည်းက တုံ့ဆိုင်းမှုတချို့ရှိနေခဲ့သည့် ဂျာမနီနိုင်ငံသည် ယူကရိန်းအတွက် ၎င်း၏ စစ်ဘက်အကူအညီ အထောက်အပံ့ကို အရှိန်အဟုန်မြှင့်ခဲ့ပြီး ယခုအခါ အမေရိကန်ပြီးလျှင် ယူကရိန်းကို ဒုတိယ အများဆုံးစစ်ဘက်ဆိုင်ရာအကူအညီများ ပံ့ပိုးပေး နေသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

သို့သော် အမေရိကန်ကဲ့သို့ပင် ဂျာမနီသည် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် ရုရှားနိုင်ငံအတွင်းပိုင်းထိ ရောက်ရှိပစ်လွှတ်နိုင်သည့် လက်နက်များ ယူကရိန်းသို့ ပေးပို့ခြင်းကို ကန့်ကွက်နေဆဲဖြစ်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ရုရှားမှ ယူကရိန်းကို အထူးစစ်ဆင်ရေးတစ်ရပ်အနေဖြင့် စတင်လာခဲ့သောပဋိပက္ခကို ပိုမိုကျယ်ပြန့်လာစေနိုင်မည့်အပေါ် စိုးရိမ်နေခြင်းလည်းဖြစ်သည်။

ဂျာမနီနိုင်ငံသည် ယူကရိန်းကို လေကြောင်းရန်ကာကွယ်ရေး စနစ်များ၊ လေ့ကျင့်ရေးပံ့ပိုးမှု၊ အင်ဂျင်နီယာသုံးစက်ပစ္စည်းများနှင့် သံချပ်ကာယာဉ်များကို ကူညီရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း Pistorius က အလေးပေးပြောကြားခဲ့သည်။

"ဒါက ကျွန်တော်တို့ရဲ့ ပထမဦးစားပေး၊ ကျွန်တော်တို့ရဲ့ အဓိကအရည်အချင်းပါပဲ"ဟု Pistorius ကပြောကြားပြီး ဆွီဒင်-ဂျာမနီထုတ် Taurus ဒုံးကျည်လက်နက်စနစ်တွင် ဆုံးဖြတ်ချက်တစ်ရပ်အတွက် အရေးတကြီး မလိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အကွာအဝေးကီလိုမီတာ ၂၅၀ ကျော်ရှိသော ယူကရိန်းနိုင်ငံသို့ SCALP/Storm Shadow ခရုဇ်ဒုံးကျည်များ ပံ့ပိုးပေးရာတွင် ပြင်သစ်နိုင်ငံသည် ဗြိတိန်နှင့် ပူးပေါင်းသွားမည်ဟု ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

**Germany Rules Out Long-Range Missiles for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောဖြင့် ခရုဇ်ဒုံးကျည်များကို နိုင်ငံတော်အဆင့် စမ်းသပ်ပစ်လွှတ်မည်

ရုရှားနိုင်ငံသည် ယခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း နောက်ဆုံးပေါ် Project 885M (Yasen-M) နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောဖြင့် ခရုဇ်ဒုံးကျည်များကို နိုင်ငံတော်အဆင့် စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း ရုရှားရေတပ်နှင့် နီးစပ်သူတစ်ဦးက TASS သတင်းဌာနသို့ ဩဂုတ် ၃ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အဆင့် စမ်းသပ်မှုအတွင်း နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော Krasnoyarsk သည် ဘားရန့်ပင်လယ်တွင် ရေငုပ်နေသည့်အနေအထားမှ Kalibr နှင့် Oniks ဒုံးကျည်များဖြင့် တိုက်ပွဲဝင်လေ့ကျင့်ရေး သုံးကြိမ်တိုင်တိုင် စမ်းသပ်ပစ်လွှတ်မှုများ လုပ်ဆောင်မည်ဖြစ်သည်ဟု အဆိုပါသတင်းရင်းမြစ်က ပြောကြားခဲ့ကြောင်း သိရသည်။

စမ်းသပ်ပစ်လွှတ်မှုတစ်ကြိမ်တွင် Kalibr နှင့် Oniks ခရုဇ်ဒုံးကျည်များကို Salvo ပစ်ခတ်မှုနည်းလမ်း ပါဝင်လိမ့်မည်ဟုလည်း သိရသည်။ နိုင်ငံတော်အဆင့် စမ်းသပ်မှုများနှင့် ၎င်း၏စက်ပစ္စည်းများကို စစ်ဆေးအကဲဖြတ်ပြီးနောက် Sevmash Shipyard (United Shipbuilding Corporation လက်အောက်ခံ) သင်္ဘောကျင်းတွင် တည်ဆောက်ထားသော Krasnoyarsk နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှားရေတပ်သို့လွှဲပြောင်း ပို့ဆောင်မည်ဖြစ်သည်။ ၎င်း၏အမြဲတမ်း တပ်စွဲထားမည့် ရေတပ်အခြေစိုက်စခန်းသို့ ပစိဖိတ်စစ်ရေယာဉ်စုမှတစ်ဆင့် ဖြတ်သန်းခုတ်မောင်းမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်တွင် ပြုလုပ်နိုင်ရန် စီစဉ်ထားသည်ဟု သတင်းရင်းမြစ်က ပြောကြားခဲ့သည်။

Krasnoyarsk နျူကလီးယား စွမ်းအင်သုံးသည် ပရောဂျက် 885M (Yasen-M) ၏ အမှတ်စဉ်အားဖြင့် ဒုတိယမြောက်တစ်စီးဖြစ်ပြီး ကနဦးရှေ့ပြေးနမူနာပုံစံတစ်စီးနှင့်ဆိုလျှင် တတိယမြောက် ရေငုပ်သင်္ဘောဖြစ်သည်။

ရေငုပ်သင်္ဘောကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ရေချနိုင်ခဲ့သည်။

TASS သတင်းဌာနအဆိုအရအဆိုပါ ရေငုပ်သင်္ဘောသည် သင်္ဘောတည်ဆောက်သူများ၏ ပင်လယ်ပြင်စမ်းသပ်မှုများစတင်ပြုလုပ်နိုင်ရန်အတွက် ဇွန် ၂၆ ရက်တွင် ပင်လယ်ဖြူသို့ တပ်ဖြန့်ချထားခဲ့သည်။

ပရောဂျက် 885M ရေငုပ်သင်္ဘောများကို စိန့်ပီတာစဘတ်အခြေစိုက် Malakhit Marine Engineering Bureau မှ ဒီဇိုင်းရေးဆွဲခဲ့သည်။ Project 885M ဦးဆောင်ရေငုပ်သင်္ဘော Kazan ကို ၂၀၂၁ခုနှစ် မေ ၇ ရက်တွင် ရုရှားရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။



Project 885/885M ဘက်စုံသုံး နျူကလီးယားစွမ်းအင် ရေငုပ်သင်္ဘောများသည် ၎င်းတို့၏ အခြေခံတိုက်ခိုက်မှုလက်နက်များအဖြစ် Kalibr နှင့် Oniks ခရုဇ်ဒုံးကျည်များကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

**Russian nuclear-powered sub to test-fire cruise missiles in state trials — source ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီလေကြောင်းနှင့်အာကာသလုပ်ငန်းထံမှ စစ်ဘက်သုံးဒရုန်း ၁၂ စင်းကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် အင်ဒိုနီးရှားဝယ်ယူ

အင်ဒိုနီးရှားနိုင်ငံသည် တူရကီနိုင်ငံလေကြောင်းနှင့် အာကာသလုပ်ငန်းထံမှ စစ်ဘက်သုံးဒရုန်း ၁၂ စင်းကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း ဩဂုတ် ၃ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။



အင်ဒိုနီးရှားနိုင်ငံ Anka ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက် ဒရုန်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ရောက်ရှိလာနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနကိုကိုးကား၍ အေပီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စစ်ဘက်သုံး ဒရုန်းများကို အင်ဒိုနီးရှားနိုင်ငံ လေတပ်၊ ကြည်းတပ်နှင့် ရေတပ်တို့က ကြည်း၊ ရေ၊ လေ စစ်ဘက်ရည်မှန်းချက်တာဝန်များအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အလျား ၈ ဒသမ ၆ မီတာ (၂၈ ပေ) ရှည်သော Anka ဒရုန်းသည် လေထဲတွင် တစ်ဆက်တစ်စပ်တည်း နာရီ ၃၀ ကြာ ပျံသန်းနိုင်စွမ်းရှိပြီး အမြင့်ပေ ၃၀၀၀၀ (မီတာ ၉၁၀၀) ထိ ပျံသန်းကင်းထောက်နိုင်ကြောင်း သိရသည်။

ဝယ်ယူမှုတွင် လေ့ကျင့်သင်တန်းပေးရေး၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆက်စပ်ပစ္စည်းများကို အာမခံကာလ နှစ်နှစ် သို့မဟုတ် ပျံသန်းချိန်နာရီ ၆၀၀ ထိ ဝန်ဆောင်မှုပေးရန် ပါဝင်သည်။

ယခုဝယ်ယူမှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ Rafale တိုက်လေယာဉ် ၄၂ စင်းနှင့် Mirage 2000-5 တိုက်လေယာဉ် ၁၂ စင်း အပါအဝင် ၎င်း၏လေကြောင်းစွမ်းအားကို မြှင့်တင်ရန်အတွက် ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ နောက်ထပ် ဝယ်ယူဖြည့်တင်းမှုတစ်ရပ်လည်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီလတွင် Lockheed Martin ထံမှ C-130J-30 Super Hercules သယ်ယူပို့ဆောင်ရေးလေယာဉ် ငါးစင်း၏ ပထမဆုံးအသုတ် ပို့ဆောင်မှုကိုလည်း လက်ခံရရှိခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံ Thales ထံမှ တာဝေးရှာဖွေထောက်လှမ်းရေးရေဒါ ၁၃ စုံကို မှာယူခဲ့သည့်အပြင် ပြင်သစ်နိုင်ငံ Safran ထံမှ AASM-HAMMER တိကျပဲ့ထိန်းစနစ်သုံး ဝေဟင်ပစ် လက်နက်ခဲယမ်းများကို ဝယ်ယူရန်လည်း စီစဉ်နေကြောင်း သိရသည်။

**Indonesia Buys 12 Turkish Military Drones for $300 Million ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၂၁၇၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းနှင့်အစေ့ထုတ်ပြောင်း ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၆၂ ဧကနှင့်အစေ့ထုတ်ပြောင်း ၁၆ ဧက ကို မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးထားတယ်။ ဖူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်းတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေ အထွက်နှုန်း ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ် လုပ်ဆောင်နေပါတယ်”ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ တောင်သူများ စိုက်ပျိုးသည့် ဖူးစားပြောင်းနှင့်အစေ့ထုတ်သီးနှံများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ဖောင်မြှောင်တောင်စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ အထွက်နှုန်းကောင်းအရည်အသွေးကောင်းပြောင်းများဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆင်သေကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



ဆင်သေကျေးရွာတွင် အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် မြေစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်၂၀ ဒသမ ၅၁၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် YZT ကုမ္ပဏီက ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ကျေးလက်ရေရရှိရေးလုပ်ငန်း ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၄၀၊ လူဦးရေ ၁၀၁၃ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူသူ**

# တာချီလိတ်မြို့နယ်တွင် VDP စီမံကိန်း စီမံချက်ရေးဆွဲနည်းသင်တန်းဖွင့်

**တာချီလိတ် ဩဂုတ် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာများမှ ကော်မတီဝင်များအတွက် စီမံချက်ရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်း သင်တန်း ဖွင့်လှစ်ပို့ချရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက သင်တန်းတွင် သင်ကြားပို့ချပေးမည့်ဘာသာရပ်များ၊ သင်တန်းဆိုင်ရာလိုက်နာရမည့် စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်ရေးဆွဲနည်းသင်တန်းသို့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဖားဟဲ(ခ)ခါးတီး၊ တာကြန်၊ ဝန်းဝ၊ ပါခုတ်တိုက်၊ ဟွေအယ်(၁)၊ ဟိုနား(အာခါ)၊ မွန်းမုန်း(ပလောင်)၊ ပူအိုလျှံ၊ ကော်မယ်လိတ်၊ ပန်စလိ(လားဟူ)၊ ပန်ပဲ(ထက်)၊ ဝမ်လန်းကျေးရွာ ၁၂ ရွာမှ ကျေးရွာကော်မတီဝင် ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် (VDP) စီမံချက်ရေးဆွဲနည်းဆိုင်ရာဘာသာရပ်များကို တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၄ ရက်မှ ဩဂုတ် ၆ ရက်ထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧွဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ ဝါတွင်းကာလအတွင်း မဟာသံဃိကဒါန အရဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ ဝါတွင်းကာလအတွင်း မဟာသံဃိကဒါန အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဩဂုတ် ၅**

အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ ဝါတွင်းကာလအတွင်း မဟာသံဃိကဒါန အရုဏ်ဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီ တော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ ဝိသာခါ ဓမ္မာရုံ၌ပြုလုပ်ရာ ပုသိမ်မြို့ နိဗ္ဗာနာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို အရုဏ်ဆွမ်းလောင်းလှူခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိဗ္ဗာနာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကာ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ မရမ်းချိုကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မဟာကုသိုလ်တော်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇၅ ပါးနှင့်ဒေသခံပြည်သူ ၆၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို ဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့်လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး အတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**


**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**


## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပ





**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးမြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော် ၁၁ ပါး ကြွရောက်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များ ဟောကြားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်များထံ ဝါဆိုသင်္ကန်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပထမအကြိမ် တောင်သူနည်းပညာပေးဆွေးနွေးပွဲ (Famer's Forum) ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

တောင်သူနည်းပညာပေး ဆွေးနွေးပွဲ (Famer's Forum)ကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန တောင်သူလယ်သမား ရုပ်သံခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ စိုက်ပျိုးရေးသုတေသနညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအောက်ရှိ နည်းပညာကျွမ်းကျင် ပညာရှင်များနှင့် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းနှင့် အခြားလူမှုကွန်ရက်မီဒီယာများမှ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးသာမက တောင်သူများနှင့် ပညာရှင်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များ ဖော်ထုတ်အသုံးချဆောင်ရွက်ကြရန် ယနေ့ဖွင့်လှစ်သည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲသည် တောင်သူလယ်သမားများ အကျိုးစီးပွားမြှင့်တင်ရေးအတွက် သုတေသီများ၊ ပညာရှင်များနှင့် စိုက်ပျိုးပညာပေးတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သည့် Smart Movement ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဝင်ငွေရပြီး စိုက်ပျိုးရေ အနည်းငယ်သာလိုအပ်သည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ရေအသုံးချသူများအဖွဲ့ (WUG)များအနေဖြင့် လက်တွေ့ဆန်ဆန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံး အင်အားကောင်းသော အစုအဖွဲ့များအဖြစ် လှုပ်ရှားလာကြစေရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပင်ရောဂါသုတေသနဌာနစုမှ တာဝန်ရှိသူတစ်ဦးက မတ်ပဲသီးနှံ အပင်အသေအပျောက်များခြင်းပြဿနာ ဖြေရှင်းရန်အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်များဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဆွေးနွေးပွဲ တက်ရောက်လာကြသော တောင်သူများက မတ်ပဲစိုက်ပျိုးရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။



တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအခက်အခဲများဖြေရှင်းပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် သုတေသီများ၊ ပညာရှင်များ၊ စိုက်ပျိုးပညာပေး တာဝန်ရှိသူများနှင့် တောင်သူများအကြား နီးကပ်စွာ ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးနိုင်ရေးအတွက် တောင်သူနည်းပညာပေးဆွေးနွေးပွဲ (Famers' Forum)ကို အပတ်စဉ် စနေနေ့တိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဥပဒေချုပ် ဦးဌေးအောင်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့သွားရောက်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ဌာနများမှဝန်ထမ်းများ ပူးပေါင်းအင်အား ၁၈၀ ဖြင့် ဝင်းအတွင်း မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ အုပ်မိုးကိုင်းများ ဖြတ်ညှိအလင်းဖွင့်နေမှု၊ အမှိုက်၊ သဲ၊ ခဲများ လှဲကျင်းရှင်းလင်းနေမှု၊ ကန်ရေပြင်ကြည်လင်သန့်ရှင်းရေး မှော်၊ ဗိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားသမားများ လှေလှော်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တွံတေးမြို့နယ် မွေးမြူရေးဇုန်စီမံကိန်းလုပ်ငန်းခွင်အတွင်း မွေးမြူရေးဇုန်အဝင်လမ်းကွန်ကရစ်ခင်းနေမှုနှင့် တွံတေးမြို့ရှောင်လမ်း လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုင်းဆတ်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဩဂုတ် ၄ ရက်တွင် သက်ဆိုင်ရာနေရာများ၌ တွေ့ဆုံရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားများပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက မင်းကုန်းကျေးရွာရှိ နယ်မြေခံ သင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများကနေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့်အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Rumba James Rumba" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း စိန်ဂေဟာကုန်တိုက်နေ စံထက်ကျော်ကို ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Hla Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇) ရပ်ကွက်နေ လှထွန်းကို ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Tin Ko Ko Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက်နေ တင်ကိုကိုလွင်ကို ည ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းထံ PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများကို ဥပဒေ ဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာသူများကိုလည်း လိုအပ် သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများ ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာ သူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ် လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်း များ တက်ရောက်ခဲ့ပြီး ဖြစ်မှုကျူးလွန်ခြင်း မရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက် လာသော PDF အဖွဲ့ဝင်များအား ပြန်လည် လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းတွင် အရှေ့တောင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေဆိုင်ရာပုဒ်မများ ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့သည့် ဖြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည် သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးတို့သည် ၎င်းတို့နှင့်အတူ ပါလာ သည့် ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည် အိမ် နှစ်ခု၊ ၉ မမ ကျည် အတောင့် ၂၀၊ RPG တစ်လက်၊ ဗုံးသီး တစ်လုံးနှင့် ပိုက်ကျည် တစ်တောင့်တို့ကို အပ်နှံကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အသီးသီး လက်ခံရယူပြီး ၉ မမ ပစ္စတိုဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေကျပ်သိန်း ၂၀၊ RPG ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် အလင်း ဝင်ရောက်လာသူ ၁၄ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၁၀၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ အလင်းဝင်ရောက်လာသူများက လက်ခံ ရယူကြသည်။ ယင်းနောက် အလင်းဝင် ရောက်လာသူများကို ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်း သူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆို လက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက် တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်း ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေး ကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါ က ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း နှင့် လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလို သော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြု လုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ် နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |


**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၅**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ် ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန် ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစား သမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြော ကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး ကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ် ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့ များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဩဂုတ် ၁၁ ရက်ထိ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

## ဩဂုတ် ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၀၈၈ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၈၇၈ ဦး |

**နေပြည်တော် ဩဂုတ် ၅**

ဩဂုတ် ၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၅၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ







**နေပြည်တော် ဩဂုတ် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ကျားဝတ်ခြေအိတ်ဆိုဒ်စုံ ကီလိုဂရမ် ၁၃၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ကို လည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် White Powder ကီလိုဂရမ် ၄၃၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၃၀၀ ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် LUBI Mono-black Pump Set ၁၀ခု အပါအဝင် ကုန်ပစ္စည်း ၁၆မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၆၀၆၆၈ ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ရောက်ရှိသည့် ရက် ၆၀ ရက်ကျော်လွန်နေသည့် LG Parking Management Computer အပါအဝင် ကုန်ပစ္စည်း ၄၄မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၄၈၈၆၈ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးလက်ကိုင်အိတ် အလုံး ၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၄၅၈၃၆ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၀၅၃တန်၊ သစ်မာ သုည ဒသမ ၅၆၂ တန်နှင့် အခြားသစ် ၃ ဒသမ ၅၇၅တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၃၆၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲခုနစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၀၄၉၅၂၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျိုက်ထိုနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

ကျိုက်ထိုနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့်ကက်တမင်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၉ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရန်ကုန်မှရေးသို့သွားသည့် ခရီးသည်တင်ယာဉ်ပေါ်ပါ အောင်မင်းထွန်းကို အိုက်စ်(မက်သ်အဖက်တမင်း) သုံးကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သည့် ညီညီထွန်း(ခ)ညီညီကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိ၎င်း၏နေအိမ်တွင် လည်းကောင်း၊ ညနေ ၅ နာရီတွင် စံလင်းနှင့် ထွန်းနိုင်မိုးတို့ကို မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးတွင် အိုက်စ် တစ်ကီလို၊ Honda Fit မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ဖမ်းဆီးရမိတရားခံ ထွန်းနိုင်မိုး ငှားရမ်းနေထိုင်သည့် မင်္ဂလာဒုံမြို့နယ် ပုလဲ(၁)ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ နေအိမ်တွင် အောင်ကိုဦးနှင့်အတူ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်းဂရမ် ၆၂၀ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ဂရမ် ၆၂၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ငါးဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကြည့်မြင်တိုင်နှင့် ကွန်ဟိန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် ညနေ ၃ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်(အနောက်) ရပ်ကွက် ဈေးကြီးလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမီမီအောင်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက်(၁) နားခေါက်လမ်းနေ စိုင်းပန့်တိ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၁၁၆၀၀၀ဘိန်းဖြူ သုည ဒသမ ၁၄၅ ကီလိုနှင့် ငွေကျပ် ၃၃ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲမြန်ကြား)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆလိုဗေးနီးယားတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံသဖြင့် လူသုံးဦးသေဆုံး



**ဂျူ့လ်ဂျားနား ဩဂုတ် ၅**

ဆလိုဗေးနီးယားနိုင်ငံအနောက်မြောက်ပိုင်း၊ အလယ်ပိုင်းတို့တွင် ဩဂုတ် ၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံသဖြင့် လူသုံးဦး သေဆုံးကာ ကားလမ်းနှင့် ရထားလမ်းများကို ပိတ်ထားခဲ့ရကြောင်း ဆလိုဗေးနီးယားအာဏာပိုင်များ၏ ဩဂုတ် ၄ ရက် သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ WION သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ရေကြီးရေလျှံမှုများကြောင့် ဆလိုဗေးနီးယားမြို့တော် Ljubljana၊ Maribor နှင့် Celje မြို့တို့တွင် သတိပေးချက်ဥဩသံများထွက်ပေါ်ခဲ့ပြီး နိုင်ငံ၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီက အနီရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ သေဆုံးသူနှစ်ဦးမှာ နိုင်ငံခြားသား ခရီးသွားဧည့်သည်များဖြစ်ပြီး ၎င်းတို့ကို တောင်ပေါ်ဒေသတစ်ခုတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခြားတစ်ဦးကိုမူ ရေနစ်သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် မြို့တော် Ljubljana နှင့်ဆက်သွယ်ထားသော အဝေးပြေးလမ်းများနှင့် ရထားလမ်းများကို ပိတ်ထားခဲ့ရပြီး တံတားများနှင့် လူနေအိမ်အများအပြားပျက်စီးခဲ့ကာ အိမ်ထောင်စုပေါင်း ၁၆၀၀၀ ခန့် လျှပ်စစ်မီး ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေမှာ ဆိုးရွားလျက်ရှိပြီး အဆိုပါဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် တပ်မတော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ဆလိုဗေးနီးယား ကာကွယ်ရေးဝန်ကြီး Marjan Sarec က ပြောကြားခဲ့သည်။

AZH

# ဘရာဇီးနိုင်ငံရှိ အမေဇုန်မိုးသစ်တောပြုန်းတီးမှု ယခုနှစ် ဇူလိုင်လတွင် ၂၀၁၇ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့

**ဘရာစီးလီးယား ဩဂုတ် ၅**

ဘရာဇီးနိုင်ငံရှိ အမေဇုန်မိုးသစ်တောပြုန်းတီးမှုသည် ယခုနှစ် ဇူလိုင်လတွင် ၂၀၁၇ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်း ဘရာဇီးအစိုးရ၏ ဩဂုတ် ၃ ရက်တွင် ထုတ်ပြန်သောကိန်းဂဏန်းများအရ သိရှိရသည်ဟု The Statesman သတင်းဌာနက ဩဂုတ် ၄ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ အမျိုးသားအာကာသသုတေသနအင်စတီကျုမှ ဂြိုဟ်တုအချက်အလက်များအရ မိုးသစ်တော စတုရန်းကီလိုမီတာ ၅၀၀ ကို တစ်လအတွင်းရှင်းလင်းခဲ့သော်လည်း လွန်ခဲ့သောနှစ် အလားတူကာလထက် ၆၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သစ်တောပြုန်းတီးမှုသည် ယခုနှစ်ပထမခုနစ်လအတွင်း ယခင်နှစ်ကာလတူထက် ၄၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး မိုးသစ်တောဖြစ်သော ဘရာဇီးမိုးသစ်တောကို ကာကွယ်ရန် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားအနေဖြင့် အမေဇုန်သစ်တောနှင့် ဆက်စပ်လျက်ရှိသောနိုင်ငံများမှ ခေါင်းဆောင်များနှင့် လာမည့်သီတင်းပတ်အတွင်း ထိပ်သီးအစည်းအဝေးကျင်းပသွားမည်ဖြစ်ရာ အစည်းအဝေးမပြုလုပ်မီ အဆိုပါအချက်အလက်များ ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် မိုးသစ်တောများနှင့်ဆက်စပ်လျက်ရှိသောနိုင်ငံများ၏ နယ်စပ်တစ်လျှောက် ဟက်တာသန်း ၃၀ မျှရှိသော သစ်တောဧရိယာများ ပြန်လည်ထူထောင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကူညီပေးရန်တောင်းဆိုမည့် သစ်တောကာကွယ်ရေး ဘုံမူဝါဒတစ်ရပ်ကို ပထမဆုံးအကြိမ် ရေးဆွဲသွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ဩဂုတ် ၂ ရက်က ပြောကြားခဲ့သည်။

AZH

# ဂျော်ဂျီယာနိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ၁၁ ဦးသေဆုံးပြီး ၂၅ ဦးထက်မနည်း ပျောက်ဆုံး

**တဘီလီဆီ ဩဂုတ် ၅**

ဂျော်ဂျီယာနိုင်ငံ ရှိုဗီဒေသအနီးတွင် မြေပြိုကျမှုဖြစ်ပွားသဖြင့် လူ ၁၁ ဦးသေဆုံးပြီး ၂၅ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း ဂျော်ဂျီယာနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သေဆုံးသူများအနက် လူခုနစ်ဦးကိုသာ အမည်ဖော်နိုင်ပြီး အမည်မဖော်နိုင်သေးသည့် ရုပ်အလောင်းများရှိနေကြောင်း ဂျော်ဂျီယာကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ရှိုဗီဒေသမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်ခဲ့တဲ့အတွက် လူ ၁၁ ယောက် သေဆုံးပြီး ၂၅ ယောက်ထက်မနည်း ပျောက်ဆုံးနေပါတယ်။ သေဆုံးသူတချို့ကိုတော့ အမည်မဖော်နိုင်သေးပါဘူး။ ပျောက်ဆုံးနေသူတွေကိုလဲ အမြန်ဆုံးရှာဖွေနိုင်ဖို့အတွက် ကြိုးစားပေးနေပါတယ်"ဟု အခြေခံအဆောက်အအုံနှင့် ဒေသဖွံ့ဖြိုးရေးဝန်ကြီး အီရတ်လီက ပြောကြားခဲ့သည်။

မြေပြိုကျမှုကြောင့် လူဦးရေ ၂၀၀ ကျော်ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး လေကြောင်းအကူအညီကိုပါ ရယူထားရကာ ရဟတ်ယာဉ်များဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပေါ်နေပြီး မြေပြိုကျမှုကြောင့် ရွှံ့ညွန်များ နေအိမ်များဆီ စီးလာခဲ့ကြောင်း၊ ရွှံ့ညွန်များ စီးကျနေသည့်ဧရိယာမှာ ကုဗမီတာ ငါးသန်းထိရှိနေကြောင်း ဂျော်ဂျီယာနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဒေသခံများကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရာတွင်လည်း ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၁၅၀ အပြင် ဒေသခံပြည်သူလူထုကပါ ပါဝင်ကူညီပေးနေသည့်အတွက် ကယ်ဆယ်ရေးအင်အားစုစုပေါင်း ဦးရေ ၄၀၀ ကျော်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ပျောက်ဆုံးနေသူများကိုလည်း အမြန်ဆုံးရှာဖွေတွေ့ရှိရေး ကယ်ဆယ်ရေးဝန်ထမ်းများက ကြိုးစားပေးနေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက်လည်း ရဟတ်ယာဉ်များ အသုံးပြုနေကြောင်း အခြေခံအဆောက်အအုံနှင့် ဒေသဖွံ့ဖြိုးရေးဝန်ကြီး အီရတ်လီက ပြောကြားခဲ့သည်။

**နိုင်းဆက်**



# အိန္ဒိယနိုင်ငံတွင် အမှိုက်သရိုက်များမီးရှို့ခြင်းကို ရာနှုန်းပြည့်တားဆီးသွားရန်စီစဉ်နေ

**နယူးဒေလီ ဩဂုတ် ၅**

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် လေထုညစ်ညမ်းမှုပမာဏမြင့်မားသော နိုင်ငံများစာရင်း၌ပါဝင်ရာ အိန္ဒိယအစိုးရက လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်ပြင်ဆင်လာပြီး ယခုနှစ်အတွင်း အမှိုက်သရိုက်များမီးရှို့ခြင်းကို ရာနှုန်းပြည့်တားဆီးသွားရန် စီစဉ်နေကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ဆောင်းရာသီအတွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော လုပ်ဆောင်ချက်များနှင့် သဘာဝအရင်းအမြစ်များကိုလည်း ထိန်းသိမ်းကာကွယ်မှုများ ပြုလုပ်သွားရန်စီစဉ်နေကြောင်း၊ ပန်ဂျပ်ပြည်နယ်၊ ဟာယာနာပြည်နယ်နှင့်ဥတ္တရပရာဒေ့ရှ်ပြည်နယ်တို့တွင် ကောက်ပဲသီးနှံစိုက်ခင်းများအတွက် မီးရှို့ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အမှိုက်သရိုက်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မီးရှို့ရှင်းလင်းခြင်းကြောင့် ထွက်ပေါ်လာသောမီးခိုးငွေ့များသည် ရုပ်ကြွင်းလောင်စာသုံးစွဲသည့် မော်တော်ယာဉ်များမှထွက်သော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကဲ့သို့ပင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ကြောင်းလည်း အိန္ဒိယစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဆောင်းရာသီရောက်တိုင်း လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ပုံမှန်ဖြစ်စဉ်ကို ပြောင်းလဲနိုင်ရေးအတွက် ဆောင်းရာသီမဝင်မီကာလတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သော လုပ်ဆောင်ချက်များကို တားမြစ်သွားရန် ကြိုတင်ပြင်ဆင်လာခြင်းဖြစ်ကြောင်း၊ လယ်ကွင်းများတွင် ကောက်ရိုးများမီးရှို့ခြင်းကို တားမြစ်၍ ကောက်ရိုးများကို စီးပွားဖြစ်လုပ်ငန်းများတွင် ပြန်လည် အသုံးပြုနိုင်ရေးအတွက် တောင်သူများအား ပညာပေးခြင်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုင်လှုံပါ။






# အမှောင်ထုနှင့်ဝေးရာ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)

(၁)

"တောက် စစ်နိုင်ကွာ။ ဘယ်လိုမိန်းမမျိုးယူလာတာလဲ။ အငယ်ဆုံးမို့အလိုလိုက်ထားတာ။ အခုတော့ အမှိုက်တွေပါခေါ်လာပြီ"

"ဟုတ်ပ့ါအစ်ကိုကြီးရယ် မိဘအရှိန်အဝါ၊ ဂုဏ်ကိုမှမထောက်။ ညီမလေးတို့ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမှာလဲ စိတ်ပျက်တယ်"

"အခု သူကြောင့် အမေလဲအိပ်ရာထဲလဲနေပြီ။ ရှက်လွန်းလို့တဲ့။ တောကြိုအုံကြားက ဘယ်တောသူမကို ယူလားမှန်းမသိဘူး"

မိခင်ဖြစ်သူ စိတ်ဆိုးဒေါသဖြစ်ပြီး အိပ်ရာထဲလဲသွား၍ သူ့ကိုပိုပြီး မျက်မုန်းကျိုးနေကြသည်။ သူတို့မောင်ကို အပြစ်တင်သည်ကနည်းနည်း။ နှင်းမြကို သူဌေးသားကိုအရယူသည့်ပိုင်းလုံးမဟု ပါးစပ်များက မထုတ်ပြောရုံကျန်တော့သည်။ သူတို့မျက်နှာများတွင် စာနာစိတ်၊ ကိုယ်ချင်းစာစိတ်မရှိသည်ကို တန်းသိလိုက်မိသည်။

"ဆိုးပေတေလေနေပြီး အိမ်က ငွေတွေခိုးထွက်သွားတယ်။ အခုတော့ ဘယ်ကမှန်းမသိတဲ့မိန်းမကကိုယ်ဝန်နဲ့စေ့၊ လစေ့ကြီး ဒုက္ခပါပဲ"

"ဟုတ်ပ့ါ"

"စိတ်ပျက်ဖို့ကောင်းလိုက်တာနော်"

"အမှန်ပဲ"

ယောက်ျားဖြစ်သူ အစ်ကို၊ အစ်မများ၏ မစာနာသောပြောဆိုသံများကြောင့် နှင်းမြ စိတ်မကောင်းဖြစ်မိသည်။ ယောက်ျားဖြစ်သူကို အားကိုးပြီးလိုက်လာသည့်သူ့အတွက် ဖေးမမည့်သူမရှိ။ မလိုလားမှုများနှင့် စတင်ခဲ့လေပြီ။ ဂုဏ်သိက္ခာထည်ဝါလှသည့်ယောက်ျားဖြစ်သူ၏အသိုင်းအဝိုင်းတွင် အနိမ့်ခံရပြီဟု နှင်းမြသိလိုက်ပြီ။

(၂)

မိမိတို့ရွာလေးကို ကိုစစ်နိုင်ရောက်လာခဲ့တာ နှင်းမြ၏ အစ်ကိုဝမ်းကွဲနှင့်ဖြစ်သည်။ စီးပွားရေးလုပ်မည်ဆိုပြီးရောက်လာသည်။ နှင်းမြနှင့်သိကျွမ်းကာ အချိန်တိုအတွင်း လက်ထပ်ခဲ့ကြသည်။ ရပြီးမှ ပေါ့ပေါ့နေပေါ့ပေါ့စား ကိုစစ်နိုင်ကြောင့် မိဘများကိုလည်း အားနာခဲ့ရသည်။ အစ်ကိုဝမ်းကွဲဖြစ်သူကလည်း သူနှင့် စရိုက်တူဖြစ်၍ ဘာမျှပြောစရာမရှိတော့ပေ။ ကိုယ်ဝန်ရင့်မာလာ၍ သူ့မိဘများဆီပြန်နေမည်ပြောသဖြင့် ယောက်ျားဖြစ်သူနောက် နှင်းမြလိုက်လာခဲ့ခြင်းဖြစ်သည်။

ယခုတော့ နှင်းမြအတွက် ကံဆိုးခြင်းများရောက်ရှိလာပေပြီ။ ကလေးမွေးပြီးကတည်းက အိမ်အလုပ်များကို အိမ်ဖော်ဒေါ်နုနှင့်အတူလုပ်ရသည်။ မစာမနာခိုင်းကြသည်။ ယောက်ျားဖြစ်သူကလည်း အပေါင်းအသင်းများနှင့်သာ အချိန်ကုန်နေသည်။ သူ့မိဘ၊ မောင်နှမများထံ ပိုက်ဆံတောင်းသည်။ မပေးလျှင်ခိုးသည်။ သူ့မောင်ကိုမနိုင်တိုင်း မိန်းမဖြစ်သူ နှင်းမြကိုသာ အားလုံးက ဝိုင်းပြီးအပြစ်တင်ကြသည်။ နှင်းမြကိုယ်တိုင် ဝဋ်ကြွေးပေးဆပ်ရသည်ဟု သဘောထားပြီး နေလာခဲ့ရသည်။

(၃)

ဆရာဝန်၊ အင်ဂျင်နီယာ၊ အရာရှိ၊ အရာခံဆွေမျိုးများကြားတွင် ကိုစစ်နိုင်တစ်ယောက်သာ စုန်းပြူးဖြစ်ခဲ့သည်။ မိမနိုင်၊ ဖမနိုင်သူ့ကို အားလုံးက လက်မြှောက်ထားသည်။ အိမ်ထောင်ကျတော့လည်း အလကားပင်။ ဘယ်တော့မှ စရိုက်မပြောင်း၊ စရိုက်ဆိုး၍သာနေတော့သည်။ သမီးကြီးသုံးနှစ်တွင် ဒုတိယကိုယ်ဝန်ရသည်။ အကျင့်မပြောင်း၊ စရိုက်မပြောင်း၊ သားသမီးမျက်နှာလည်းမထောက်ပေ။ လိမ္မာရန်၊ အလုပ်လုပ်ရန် ပြောတော့လည်း-

"ငါ့မိဘတွေရှိတယ်။ ဘာမှလုပ်စရာမလိုဘူး။ မင်းလဲ အေးဆေးနေ"

"မဟုတ်ပါဘူးအစ်ကို အခုကလေ"

"ငါ့ကို ဘာမှလာမပြောနဲ့ ကြားလား။ မနေချင်ဆင်းသွားကွာ"

"ဒီလိုနေလို့မှမရတော့တာ အစ်ကိုရယ်။ အခုက နှင်းမြတို့မှာ သားသမီးရှေ့ရေးတွေရှိလာပြီလေ"

"တော်တိတ် ငါဘာမှမကြားချင်ဘူး။ ငါ့ကို အာရုံလာမစားနဲ့နော်။ ငါဒီလိုပဲနေတတ်တာ မင်းသိတယ်"

ဘာမျှပြောမရ၍ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် ဝဋ်ဒုက္ခကို ကောင်းကောင်းကြီးခံနေရသည်။ အစားတစ်လုတ်အတွက် အပြောအဆိုခံရခြင်းများက မထိုက်တန်ပေ။ ပညာဂုဏ်၊ စည်းစိမ်ဂုဏ်၊ မာန်မာနများနှင့် သူတို့၏မောင်အငယ်ဆုံးကမွေးသည့် ကလေးများကိုတောင် ကြင်နာမှုမရှိ၊ စေတနာမရှိပေ။ မိဘများကလည်း သူတို့၏မြေးဟု အသိအမှတ်မပြု။ ယောက်ျားဖြစ်သူကလည်း ဂရုမစိုက်ပစ်ပယ်ထား၍ နှင်းမြဘဝက ပိုပြီးဆင်းရဲဒုက္ခရောက်ရသည်။ သူတို့ တစ်ခုခုအလုပ်အဆင်မပြေတိုင်း နှင်းမြတို့သားအမိကိုသာ အပြစ်ရှာနေတော့ နှင်းမြတို့အဖို့ ဆင်းရဲဒုက္ခက နေ့တိုင်းပင်။ သမီးလေးပင် အရွယ်နှင့်မလိုက် သူတို့သားသမီးများ၏ ခိုင်းဖတ်ဖြစ်ခဲ့ရသည်။

(၄)

ရင်ထုမနာဖြစ်ခဲ့ရသည့်နေ့များ များလာသည်။ ဒုတိယကိုယ်ဝန်မွေးဖွားလာပြီး သားလေးအခါလည် အရွယ်ရောက်တာတောင် ကိုစစ်နိုင်၏အကျင့်က မပြင်တော့။ သားနှင့်သမီး ရှေ့ရေးအတွက် နှင်းမြစဉ်းစားရပြီဖြစ်သည်။ အနင်းခံ၊ အနှိမ်ခံဘဝမှလွတ်ရန် နှင်းမြတစ်ခုခုဆုံးဖြတ်မှရတော့မည်။

"ဟဲ့ နှင်းမြ နင့်သမီး ငါ့လက်စွပ်ယူသွားလား"

အတွေးလွန်နေတုန်း ကိုစစ်နိုင်၏ အစ်မစကားကြောင့် နှင်းမြအံ့ဩတုန်လှုပ်သွားမိသည်။

"မခင်မမ နှင်းမြသမီးမှာ ဒီလို စိတ်ဓာတ်မရှိဘူး"

"အမယ်လူပါးဝလို့ ထမင်းစားကျွန်ခံတောသူမက။ နင့်သမီးပဲ ငါ့အခန်းထဲဝင်တာလို့ ငါ့သားသမီးတွေက ပြောတယ်"

"ဝတ်ရည်ဖူး ဝတ်ရည်ဖူး လာစမ်းဒီကို။ နင် ဒီအခန်းထဲဝင်ပြီး လက်စွပ်ယူတယ်ဆို"

"သမီးမယူဘူးမေမေ။ အာကာက ဒီအခန်းထဲကကားရုပ် သမီးကိုယူခိုင်းလို့ ယူပေးတာပဲရှိတယ်"

"အမယ်လေးဟဲ့။ သူခိုးက ခိုးတယ်ပြောမလားဟဲ့"

"ဒီမှာ ဒေါ်ခင်မမ ကျွန်မသည်းမခံနိုင်တော့ဘူး။ ရှင် သားသမီးချင်းကိုယ်ချင်းစာစမ်းပါ။ ဒါလဲ ရှင့်တူမပါပဲ"

"ထွီ ငါတို့က ဘာမှအဆင့်မရှိသူကို သွေးမရောဘူးဟေ့။ ကျက်သရေမရှိဘူး။ အဆင့်မရှိတဲ့သူခိုးမတွေ"

"ရှင် ရှင် လွန်လာပြီနော်။ ကျွန်မကို ဘယ်လိုပြောပြော ကျွန်မသားသမီးတွေကိုမပြောနဲ့။ ကျွန်မသည်းခံမှာ မဟုတ်ဘူးနော်"

ကိုယ့်သမီးလေးကို ချိုးနှိမ်စော်ကားသောစကားများက နှင်းမြအတွက် နားထဲသံရည်ပူလောင်းထည့်သလိုပင် ခံစားရသည်။ တစ်သက်လုံး မျိုသိပ်လာခဲ့သမျှ သည်တစ်ခါတော့လုံးဝသည်းမခံနိုင်တော့။ သူ့ကိုပြန်ပြော၍ ဒေါ်ခင်မမတစ်ယောက် ဆွေ့ဆွေ့ခုန်နေတော့သည်။

"ဘာပြောတယ် အောက်တန်းစား ကလေကချေမ။ နင်ကများ ငါ့ကို"

"ဖြန်း"

နှင်းမြ၏ပါးတစ်ဖက် ထူပူသွားသည်။ နောက်တစ်ချက်ရိုက်မည်အလုပ် နှင်းမြသည်းမခံနိုင်သဖြင့် အားကုန်တွန်းလှဲလိုက်သည်။

"အမယ်လေး. . ."

အရှိန်ပြင်းသွား၍ ခုံစောင်းနှင့်ထိကာ ဒေါ်ခင်မမခေါင်းတွင် သွေးများဖြာကျသွားသည်။ သူတို့အစ်မကိုထိ၍ နှင်းမြကို အမဲဖျက်သလိုဖျက်ရန် ဝိုင်းအုံလာကြသည်။

"နင် နင် အောက်တန်းစားကလေကချေမ။ နင်ကများ ငါ့အစ်မကို သွေးထွက်အောင်လုပ်တယ်"

နှင်းမြ နီးရာဟင်းလှီးဓားကိုကိုင်၍-

"ရှေ့တိုးမလာနဲ့နော်။ အားလုံးအသက်ချင်းလဲပစ်လိုက်မယ်"

သူတို့အသားထိမှာတော့ ကြောက်ကြသည်။ ရှေ့ကို တိုးမလာရဲကြပေ။ အစကတည်းက သည်အိမ်ကြီးတွင် မထားချင်ကြသူများမို့ ခွေးမောင်းသလို မောင်းထုတ်ကြလေသည်။

"အမယ် ကောင်မထွက်သွားစမ်း။ အောက်တန်းစားမ။ ငါတို့အိမ်က အခုချက်ချင်းထွက်သွား"

နှင်းမြလည်း သည်မှာနေရန် စိတ်ကူးမရှိတော့ပေ။

"သွားမှာပါ။ ခွေးလောက်တောင် အဆင့်အတန်းမရှိတဲ့လူတွေ။ ရှင်တို့မှာငွေရှိပြီး လူစိတ်မရှိ၊ အတ္တမာနနဲ့ရှင်သန်နေတဲ့အရိပ်အောက်မှာနေရတာ ငရဲထက်ပူတယ်။ လူဖြစ်ပြီး စာနာမှုခေါင်းပါးတဲ့ရှင်တို့ထက် ဆင်းရဲပြီး ကိုယ်ချင်းစာတတ်တဲ့ ကျွန်မမိဘက ပိုပြီးမြင့်မြတ်တယ်"

"ဟော့ကောင်မ မြန်မြန်သွား။ နင့်ကို မြင်ရတာ ရွံစရာကောင်းတယ်"

နှင်းမြ အံတင်းတင်းကြိတ်ကာ သမီးလက်ကိုဆွဲ၍ ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

(၅)

မိန်းမနှင့်သားသမီးကို ကာကွယ်ဖို့ဝေးစွ။ ရှိတယ်လို့တောင်မထင်သည့် လင်ယောက်ျားနှင့်လည်း သည်မှာပဲ သံယောဇဉ်ဖြတ်လိုက်ပြီဖြစ်သည်။ စိတ်ထဲလုံးဝမရှိတော့ပေ။ အခါလည်သားကို ကျောပိုး၍ သမီးကြီးလက်ကိုဆွဲကာ နှင်းမြ လူဘီလူးများ၏လက်က ရုန်းထွက်ခဲ့သည်။

"ကောင်မ ထွက်သွားပြီဆို လှည့်ကြည့်ဖို့မကြိုးစားနဲ့နော်။ ဘာမှ မျှော်လင့်မနေနဲ့"

"နင့်ဟာနင် ထွက်သွားတာ"

"ကျွေးရတာ သက်သာသွားတာပေ့ါ။ အလကားကျေးဇူးကန်းတွေ"

အိမ်ထဲကမထွက်မီ ပြောလိုက်သည့်စကားများကြောင့် နှင်းမြ နာကြည်းစွာပြုံးမိသည်။ လူဘီလူးများနှင့် စကားဖက်၍မပြောချင်တော့သဖြင့် လှည့်ထွက်လာခဲ့သည်။ ဂုဏ်ပကာသနများရှိပြီး စာနာမှုခေါင်းပါးလွန်းသည့် သည်လိုလူမျိုးများ၏အရိပ်တွင် ကြာရှည်မနေချင်တော့ပေ။

စိတ်နာနေ၍ဖြစ်မည်။ ငရဲခန်းလို ပူလောင်လွန်းသည့် သူတို့အိမ်ကြီးကို ယောင်၍ပင် လှည့်မကြည့်ဖြစ်ပေ။ သူတို့အိမ်ပေါက်ဝက ထွက်လိုက်သည်နှင့် လူတစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ယခုမှ အသက်ဝဝရှူရသည့်ဘဝမဟုတ်ပါလား။

အိမ်ပြန်ချိန်ခြေလှမ်းများက လွတ်လပ်ပေ့ါပါးနေပြီဖြစ်သည်။ ငရဲဆိုသည့် အမှောင်ထုအောက်က နှင်းမြတို့သားအမိသုံးယောက် ရုန်းထွက်နိုင်ခဲ့ပြီဖြစ်သည်။ ရှေ့တွင်တော့ နှင်းမြ၏ မိဘများက သမီးနှင့်မြေးများကို လက်ကမ်း၍ ကြိုနေပါလိမ့်မည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၅၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၅၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုကပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိမိုးစပါး ၄၅၄၇ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်မှာ မိုးစပါးဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အခု မိုးစပါးဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မိုးစပါး အထွက်နှုန်းကောင်းဖို့၊ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့အတွက် ကာကွယ်နည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါး လျာထားဧက ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ်တွင် ရွှေဘိုမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်ရန်၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးခဲ့ရာ မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် နွေစပါးဧက ၅၃၄၁၀ စိုက်ပျိုးရန် လျာထားပြီး ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၅၂၄၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် သပြေကုန်းအောက်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုံမှုကျေးရွာအုပ်စု သပြေကုန်းအောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အကြောင်းအရာများ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးရွာကော်မတီဝင်များ ဆောင်ရွက်ရန်လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက ကော်မတီဝင် ရွေးချယ်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက RBF စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သပြေကုန်းအောက်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ဖြင့် ကျေးရွာတွင်းရှိ ပြောင်းသီးနှံစိုက်ပျိုးမည့် လုပ်ငန်းအဖွဲ့ တစ်ဖွဲ့ကို RBF ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**



# မြောက်ဦးမြို့နယ် ရွှေထွန်းဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြောက်ဦး ဩဂုတ် ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေထွန်းဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ရှိသူများက ရွှေထွန်းဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးဘစောက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့နယ် ရွှေထွန်းဖြူကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၇ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးဘစောထံမှ သိရသည်။

**ကိုသန်း**

# ဝါတွင်းကာလ ဥပုသ်စောင့်ကြ

\- စေတနာ သဒ္ဓါတရား
ထက်သန်ထား တို့ပြည်ရွာ၊
ဝါတွင်းအချိန် ဝါဆိုသင်္ကန်း
လှူဒါန်းကြပါ၊
မြတ်ရဟန်း ထေရ်သံဃာ
ဝတ်ရုံကာ ဆင်မြန်းကြ၊
စိတ်ဝရံ ကုသိုလ်အထူးမို့
ကြည်နူးရင်မှ။

\- သာသနာ တွေ့ကြုံရ
ထူးမြတ်စွ လူဖြစ်ချိန်ခါ၊
ဒါနတွေ ပြုလုပ်ထား
လှူအားပိုပါ၊
မြတ်သီလ ဆောက်တည်ကာ
ဘာဝနာ ရှုမှတ်ပွား၊
ဓမ္မရေသောက်သုံးကြလို့
အေးမြစေသား။

\- လောကဝယ် ကုသိုလ်တရား
ကောင်းမွန်ထား အမှန်ပေ၊
အကုသိုလ် ဟူသမျှ
ရှောင်ကြကာနေ၊
ဝါတွင်းကာလ ဥပုသ်တွေ
စောင့်ကြလေ တို့အများ၊
ကျောင်းဝိဟာ အရောက်လှမ်းလို့
(အိုကွယ်)
ကြိုးပမ်းကာသွား။ ။

**ဇဂျမ်းရွာကျောင်းအိုသား**

# မြိတ်မြို့နယ် စလွန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**မြိတ် ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက စလွန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသင်းဦး၊ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးသောင်းအေးတို့က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်လမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကိုဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးကျော်ကျော်ထိုက်က သင်တန်းတွင် ဒီဇိုင်းဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများကသင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စလွန်းကျေးရွာအနီးရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့် ပတ်သက်သည့် ဒီဇိုင်းဘာသာရပ် ၂၀ ကို ကျွမ်းကျင်သည့် နည်းပြဆရာတစ်ဦးက ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၂ ရက်ထိ တစ်လကြာ စာတွေ့ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ကိုညို**

# သီအိုရီမှ လက်တွေ့ဆီသို့

လင်းလက်

**ချဉ်းကပ်လေ့လာ**

အဂတိလိုက်စားမှု၏ သဘောသဘာဝနှင့်အကျိုးဆက်များကို ချဉ်းကပ်လေ့လာမိရာတွင် ကုလသမဂ္ဂဆိုင်ရာ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုထိန်းချုပ်ရေးအဖွဲ့(UNODC)က ပြုစုထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သင်ရိုးများက ကျယ်ကျယ်ပြန့်ပြန့်၊ ရှင်းရှင်းလင်းလင်းတင်ပြထားသည်ကို တွေ့ရသည်။ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များပြုလုပ်ရာတွင် လွန်စွာအသုံးတည့်မည်ဖြစ်သကဲ့သို့ အစိုးရများအတွက်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်း တွေ့ရသည်။

**သီအိုရီဘက် ချဉ်းကပ်ခြင်း**

အများပြည်သူဆိုင်ရာကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ လေ့လာမိရာတွင် အဆိုပါသင်ရိုးများ၌ ဖော်ပြချက်များအရ အဂတိလိုက်စားမှုကိုဖြစ်ပေါ်စေသည့် အကြောင်းအချက်များကို အခြေခံ၍ ပြုစုထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် သီအိုရီများစွာရှိသည့်အနက် ရိုးရှင်းလွယ်ကူသည့် သီအိုရီတချို့ကို ရှင်းလင်းဆွေးနွေးတင်ပြလိုသည်။

**Principal - Agent Theory**

ဘောဂဗေဒဘာသာရပ်တွင် လူသိများသည့် သီအိုရီတစ်ခုမှာ Principal - Agent Theory ဖြစ်သည်။ အလုပ်ရှင် (Principal) ဖြစ်သည့် ပြည်သူလူထု၏အကျိုးစီးပွားကို အလုပ်သမား (Agent) ဖြစ်သည့် ဝန်ထမ်းများက အကာအကွယ်ပေးရန် သို့မဟုတ် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ သို့ရာတွင် ဝန်ထမ်းများက ပြည်သူလူထု၏ အကျိုးစီးပွားထက် ၎င်းတို့၏ ပုဂ္ဂလိကအကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်လာသည့်အခါ အကျိုးစီးပွားပဋိပက္ခအခြေအနေကိုဖြစ်ပေါ်စေပြီး အဂတိလိုက်စားမှုပြဿနာများ ဖြစ်ပွားလာတတ်သည်။

အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူထံသို့ ချပြရမည့် သတင်းအချက်အလက်များကို ပြည့်စုံစွာချပြမှုမရှိဘဲ ထိုသတင်းအချက်အလက်များကို လက်သုံးကိရိယာတစ်ခုသဖွယ် အလွဲသုံးစားပြုလုပ်၍ အများပြည်သူထံမှ အကျိုးအမြတ်(လာဘ်ငွေ)ရယူလိုသည့်အခါ သီအိုရီနှင့်ဆန့်ကျင်ကာ အဂတိလိုက်စားမှုများဖြစ်လာရသည်။ ထိုအချက်ကိုဖြေရှင်းနိုင်ရန်အတွက် ပွင့်လင်းမြင်သာမှုသည် အဓိကသော့ချက်ပင်ဖြစ်သည်။ အများပြည်သူသို့ အသိပေးရမည့် သတင်းအချက်အလက်များကို မထိန်ချန်ဘဲ ချပြပေးရန်လိုအပ်သည်။

**Collective Action Theory**

ရည်မှန်းချက် သို့မဟုတ် ဦးတည်ချက်တစ်ခုအတွက် လူအများစုကညီညီညွတ်ညွတ် စုစည်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်မည်ဖြစ်သည်။ ငယ်ငယ်ကကျောင်းသင်ခန်းစာတွင် သင်ယူခဲ့ရသည့် "အဘိုးအိုနှင့်သားသုံးယောက်" ပုံပြင်ကဲ့သို့ပင် တစ်ဦးနှင့်တစ်ဦး သင့်သင့်မြတ်မြတ်နှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အရာအားလုံးအောင်မြင်နိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိပါက ထင်းအစည်းပြေသကဲ့သို့ ဖြစ်ကာ အရာအားလုံးပျက်စီးသွားနိုင်သည်။

"အများမိုးခါးရေသောက်လို့ မိမိလည်းလိုက်သောက်တယ်" ဆိုသည့် ခပ်ညံ့ညံ့စကားရပ်တစ်ခုကဲ့သို့ပင် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှု အလေ့အကျင့်ဆိုးပျံ့နှံ့နေပြီး ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုကဲ့သို့ပင် ဖြစ်လာမည်ဆိုပါက လူတိုင်းအဂတိလိုက်စားမှုကျူးလွန်လာကြမည်ဖြစ်သည်။ "ဘယ်သူသေသေ ငတေမာရင်ပြီးတာပဲ" ဆိုသည့် တစ်ကိုယ်ကောင်းစိတ်မျိုးဖြင့် ကိုယ်ကျိုးစီးပွားဦးတည်ဆောင်ရွက်မှုများလာသည့်အခါ Collective Action မရနိုင်ဘဲ အဂတိလိုက်စားမှုအဆိုးသံသရာလည်နေမည်သာဖြစ်သည်။

ထိုကဲ့သို့မဖြစ်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်း ဖြောင့်မတ်တည်ကြည်မှုကိုလက်ကိုင်ထားကာ အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။ ပုဂ္ဂလိကနှင့်အရပ်ဘက်အဖွဲ့အစည်းများပါမကျန် ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

**❖ အဖွဲ့အစည်းဆိုင်ရာမူဘောင်ခိုင်မာအားကောင်းလာစေခြင်းဖြင့် အဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ်များ၏ လုပ်ဆောင်မှုများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်တည်ကြည်မှုကိုသာ လက်ကိုင်ထားနိုင်မည်ဆိုပါက ကိုယ်ကျိုးရှာအမြတ်ထုတ်သည့် အကျင့်ဆိုးများမှ ရှောင်ရှားနိုင်မည်ဖြစ်ပြီး အရာရာကိုအများပြည်သူအကျိုးအတွက်သာ ဆောင်ရွက်စေမည်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်လာစေရန် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေး ဦးတည်ဆောင်ရွက်သင့်သည်။ ❖**

**Institutional Theory**

ဥပဒေခိုင်မာအားကောင်းစေရေးဆောင်ရွက်ခြင်း၊ လွတ်လပ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ ထူထောင်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးအပ်ထားခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်များချမှတ်ထားခြင်းတို့သည် အများပြည်သူကဏ္ဍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်များပင်ဖြစ်သည်ဟု Institutional Theory က ထောက်ပြထားသည်။

ထို့ပြင် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် ရွေးကောက်ပွဲကာလနိုင်ငံရေးပါတီများထံ ရန်ပုံငွေထောက်ပံ့ခြင်းနှင့် ရွေးကောက်ပွဲကာလ ဘဏ္ဍာရန်ပုံငွေသုံးစွဲခြင်းတို့တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ရှိသင့်သည်။ ရွေးကောက်ခံကိုယ်စားလှယ်များထံသို့ ဘဏ္ဍာငွေထောက်ပံ့ခြင်းတွင် ပွင့်လင်းမြင်သာမှုသည် အရေးကြီးသည်။ ပွင့်လင်းမြင်သာမှုမရှိသောငွေကြေးနှင့်အခြားသောအရာများ ထောက်ပံ့ခြင်းမှသည် ရွေးကောက်ခံကိုယ်စားလှယ် အာဏာရလာသည့်အချိန်တွင် ၎င်းထံသို့ ငွေကြေးထောက်ပံ့ပေးခြင်းဆောင်ရွက်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏အကျိုးသို့ ဦးတည်ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုများကို သွယ်ဝိုက်ဖြစ်ပေါ်စေတတ်သည်။

**ညီမျှခြင်းကိုရိုးနှံညီခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ပုံသေနည်းများကို လေ့လာမိရာတွင် Professor Robert Klitgaard က အမေရိကန်နိုင်ငံ အတ္တလန္တာရှိ ကာတာစင်တာတွင် ၁၉၉၃ ခုနှစ် မေ ၃ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ညီလာခံ၌ ပြောကြားခဲ့သည့် အမှာစကားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ပုံသေနည်းတစ်ရပ်ကို ထည့်သွင်းတင်ပြသွားသည်ကို တွေ့ရသည်။

Corruption = Monopoly + Discretion - Transparency

အဂတိလိုက်စားမှုသည် တရားမဝင်သောလုပ်ဆောင်မှုများမှ ကိုယ်ကျိုးရရှိအောင် ဆောင်ရွက်သည့်လုပ်ရပ်ဖြစ်ပြီး အကျိုးအမြတ်ကိုတွက်ချက်ကျူးလွန်သည့် ရာဇဝတ်မှုပင်ဖြစ်သည်။ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် စသည်တို့ကို တစ်ဦးတည်းက ချုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခြေအနေများသည် ကိုယ်ကျိုးအတွက် အဂတိလိုက်စားမှုကျူးလွန်ရန် တွန်းအားပေးသည့် အချက်ဖြစ်သည်။

**သီအိုရီတွေဟောင်းနေလည်း**

ပွင့်လင်းမြင်သာမှုတိုးမြှင့်ခြင်းဖြင့် အဂတိလိုက်စားမှုများကို လျော့နည်းစေသည်ဟု ပညာရှင်က ထောက်ပြထားသည်။ အထက်တွင်တင်ပြခဲ့သည့် Principal Agent Theory နှင့် ဆက်စပ်သုံးသပ်ကြည့်မည်ဆိုပါကလည်း ထိုအချက်သည် မှန်ကန်နေသဖြင့် အဂတိလိုက်စားမှုများလျော့နည်းကျဆင်းလာစေရေးကြိုးပမ်းရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည်တို့ကို ခိုင်မာအားကောင်းစေရေးဆောင်ရွက်ရမည်ဖြစ်သည်။

အဖွဲ့အစည်းဆိုင်ရာမူဘောင်ခိုင်မာအားကောင်းလာစေခြင်းဖြင့် အဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ်များ၏ လုပ်ဆောင်မှုများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်တည်ကြည်မှုကိုသာ လက်ကိုင်ထားနိုင်မည်ဆိုပါက ကိုယ်ကျိုးရှာအမြတ်ထုတ်သည့် အကျင့်ဆိုးများမှ ရှောင်ရှားနိုင်မည်ဖြစ်ပြီး အရာရာကိုအများပြည်သူအကျိုးအတွက်သာ ဆောင်ရွက်စေမည်ဖြစ်သည်။

ထိုကဲ့သို့ဖြစ်လာစေရန် လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေး ဦးတည်ဆောင်ရွက်သင့်သည်။ ဤအချက်များအားလုံးသည် အထက်တွင်တင်ပြခဲ့ပြီးဖြစ်သည့် သီအိုရီများကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အချက်များပင်ဖြစ်သည်။

**လက်တွေ့ဘဝ**

သီအိုရီပါအချက်များကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် အခက်အခဲရှိနိုင်ပြီး ပြီးပြည့်စုံသည့်အဆင့်သို့ရောက်ရှိရန် အခက်အခဲများစွာရှိနိုင်သည်။ သို့ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့သည် တစ်ဦးချင်းအဆင့်ဖြင့် အကောင်အထည်ဖော်နိုင်သည်။ တစ်ကိုယ်ကောင်း စိတ်ထားများသည် အရာရာကို အနှောင့်အယှက်ပေးပြီး အဂတိလိုက်စားမှု၏ အရင်းအမြစ်ပင်ဖြစ်သည်။

လောဘအတောမသတ်ရှိကာ မိမိအတွက်၊ မိမိ၏မိသားစုအတွက်ဆိုသည့် ကိုယ်ကျိုးဦးတည်မှုများလာသည့်အခါ အများပြည်သူအကျိုးအတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်၊ အာဏာ၊ ရာထူးစသည်တို့ကို အလွဲသုံးစားလုပ်တတ်လာသည်။ တင်ပြခဲ့ပြီးသော သီအိုရီများကို လက်တွေ့အကောင်အထည်ဖော်ရန်ခက်ခဲသည်ဟုဆိုပါက Principal -Agent Theory က လုပ်ဆောင်စေလိုသည့်အချက်ကို ပြန်လည်ရှင်းလင်းတင်ပြလိုသည်။

အများပြည်သူအတွက် လုပ်ပိုင်ခွင့်နှင့် အာဏာအပ်နှင်းထားခြင်းခံရသူက "အများပြည်သူအတွက် ဦးတည်လုပ်ဆောင်ရန်၊ အများပြည်သူကိုအကျိုးပြုရန်၊ အများပြည်သူသို့ ချပြရမည့် သတင်းအချက်အလက်များကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာချပြရန်" စသည့်အချက်များသည် တစ်ဦးချင်းက စိတ်ဓာတ်၊ အတွေးအခေါ်ကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်သည့် အလုပ်များပင်ဖြစ်သည်။

တစ်ဦးချင်းအဆင့်မှသည် အားလုံးပါဝင်လာအောင် ဆွဲဆောင်ခြင်းဖြင့် Collective Action ကို ရနိုင်သည်။ ကောင်းမှုပြုသူများလာပါက မကောင်းမှုပြုသူများ ရှက်ကြောက်လာကြမည်ဖြစ်ပြီး အဂတိလိုက်စားမှုကျူးလွန်ရန် စိုးရွံ့လာကြမည်ဖြစ်သည်။

**ကိုယ်ပိုင်သီအိုရီ**

"ရေများရေနိုင်၊ မီးများမီးနိုင်" ဆိုသည့် စကားပုံကို လက်တွေ့အကောင်အထည်ဖော်ရမည်ဖြစ်သည်။ "အဂတိ" ဆိုသော "မီး" ကိုငြိမ်းသတ်ရန်အတွက် "ရေ" ဖြစ်သည့် "ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု" စသည့်အရာများများစွာလိုသည်။ လက်တွေ့တွင် မီးငြိမ်းသတ်သည့်အခါ တစ်ဦးတစ်ယောက်တည်းကငြိမ်းသတ်၍မရပေ။ အများစုပေါင်း၍ ရေများများသုံးကာငြိမ်းသတ်ရသကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကာ ငြိမ်းသတ်မည်ဆိုပါက အဂတိလိုက်စားမှုကင်းစင်သည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်လာမည်ဖြစ်သဖြင့် "မိမိကစ အဂတိလိုက်စားမှုကို ငြင်းပယ်ကြပါစို့"ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- https://grace.unodc.org/grace/en/academia/module-series-on-anti-corruption.html
- https://www.undp.org/latin-america/blog/anti-corruption-formula
- https://www.cartercenter.org/news/documents/doc1193.html

# ရေဦးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၆၆၂ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၆၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၀၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၆၆၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဖူးစားပြောင်း ၆၂ ဧက၊ တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၈၆၉ ဧက၊ ဖူးစားပြောင်း ၁၇၃၁ ဧက စုစုပေါင်း ၇၆၆၂ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၃၂ ဧက၊ ဖူးစားပြောင်း ၂၅၃ ဧက၊ တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၃၁၈ ဧက၊ ဖူးစားပြောင်း ၂၇၄၇ ဧက စုစုပေါင်းဧက ၁၀၈၅၀ တို့ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် နမ့်လောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး စစ်ဆေး

**မိုင်းဖြတ် ဩဂုတ် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် နမ့်လောက်ကျေးရွာအုပ်စု နမ့်လောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး တိုင်းတာခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်လောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

မိုင်းဖြတ်မြို့နယ် နမ့်လောက်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၂၇ ဒသမ ၆ သိန်း စုစုပေါင်း ငွေကျပ် ၁၇၇ ဒသမ ၆ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ လမ်းအရှည် ပေ ၆၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက နမ့်လောက်ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဇင်မာ**

# ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ ဈေးကောင်းရရှိ

**ဟသ်ာတ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ (အပြားကြီး) ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင်ပြီးခဲ့သည့် ဇွန်လကထောပတ်ပဲနီ (အပြားကြီး) ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ထောပတ်ပဲနီ (အပြားကြီး) ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ထောပတ်ပဲများ ဈေးကောင်း ရရှိလာခြင်းသည် ရန်ကုန်မြို့မှ အဝယ်လိုက်ပြီး ဈေးနှုန်းပါ ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ ဈေးကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေလို့ ဈေးကောင်းလာတာဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလို ဝယ်ယူမှုကောင်းလာတာပါ။ အခု ထောပတ်ပဲနီဈေးက အရင်ထက် ၁၆ ပြည်ဝင်တစ်အိတ်ကို ငွေကျပ် ၁၇၀၀၀ လောက်ထိ ဈေးကောင်းလာပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လ ဒုတိယပတ်လောက်ကနေ စတင်ပြီး ဈေးကောင်းလာတာပါ။ အခုကျတော့ အဝယ်ပါထပ်လိုက်လာပြီး ဈေးကောင်းလာတာ ဖြစ်ပါတယ်။ လက်ရှိထောပတ်ပဲကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ကုန်သည်တွေ ဈေးကောင်းရရှိနေပါတယ်။ ထောပတ်ပဲနီက လာမဲ့ပဲပေါ်ရာသီ မရောက်ခင်အထိ ဈေးကောင်းရရှိနေဖို့ရှိပါတယ်"ဟု ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလင်းက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲနီများ ဈေးကောင်းရရှိလာခြင်း၊ ဝယ်ယူမှုကောင်းလာခြင်းတို့ကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စလင်းမြို့နယ် တောင်ဘိုရွာသစ်ကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**စလင်း ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများရာသီမရွေး သန့်ရှင်းသောသောက်သုံးရေလွယ်ကူစွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ တောင်ဘိုရွာသစ်ကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ တောင်ဘိုရွာသစ်ကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

တောင်ဘိုရွာသစ်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေမြုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၃၃၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် စေတုတ္တရာချင်း တိုင်းရင်းသားများဖွံ့ဖြိုးရေးကုမ္ပဏီက ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းမိုး**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဂုမ္ဘီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန် ရည်ရွယ်၍ နတ်ချောင်းကမ်းနားကျေးရွာအုပ်စု ဂုမ္ဘီကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၄ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက ဂုမ္ဘီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၆ ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုမ္ဘီကျေးရွာသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖြစ်ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ပြောပြ၍ သိရသည်။

**အေးသူ**

# အလောင်းမင်းတရားကြီးတည်ဆောက်ခဲ့သော သာသနာအဆောက်အအုံများ

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် စွယ်စုံဘုရင်တစ်ပါးဖြစ်သည်နှင့်အညီ ဘာသာ သာသနာကို အလွန်အလေးထားပေသည်။

ရတနာသိယ်ပြည်ရွှေဘိုတွင် အလောင်းမင်းတရား တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားစေတီ နှစ်ဆူရှိ၏။ မော်ဓောမြင်သာမြို့ထောင့်စေတီတော်နှင့် ရွှေချက်သိုစေတီတော်ဟူ၍ရှိသည်။ အခြားသော မြို့များ၌လည်း စေတီများတည်ထားကိုးကွယ်မှုနှင့် စေတီပုထိုးဇရပ် ပြုပြင်တည်ဆောက်ထားခဲ့သည်။ ထိုသည်တို့သည်ကား-

**ရွှေချက်သိုစေတီ သို့မဟုတ် ရွှေချက်ကျစေတီ**

"ရွှေချက်မြုပ်ရာ၊ မြေချုပ်ချာတွင်၊ ရတနာအုတ်၊ ရွှေပြားခုတ်ကို၊ လိုဏ်မုခ်ဖိနပ်၊ ကြာယပ်ဇောင်းနား၊ ချရားမြင့်သီ၊ ချပ်သင့်စီ၍၊ စေတီတည်ထောင်၊ နေခြည်ပြောင်သို့၊ မိုးခေါင်တီထွန်း၊ မြို့မြောက်စွန်းဝယ်၊ မိုက်ဝန်းပတ်ခြံ၊ မဟာရံနှင့် ဓာတ်ဆံကေသာ၊ စူဠာလိုလို၊ တိမ်ညိုမိုးယံ၊ ပျံသလုလု၊ မျှော်ရှုတင့်တယ်၊ ငါးမာရ်ပယ်သည်၊ ခြောက်သွယ်ထွန်းရောင်ဝါကိုလည်း"(စိန္တကျော်သူ-ဆို-ရွှေချက်သိုဘုရားဘွဲ့ရတု)

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဇာတိချက်ကြွေ မွေးရပ်မြေ၏ အထိမ်းအမှတ်အဖြစ် တည်ထားသော ရွှေချက်သိုစေတီကြီးသည် ဉာဏ်တော်အမြင့် ၆၉ တောင်ရှိသောကြောင့် ထိုခေတ်ထိုခါကဆိုလျှင် ရွှေဘိုမြို့၏ အမြင့်မားဆုံးစေတီကြီး ဖြစ်ဖွယ်ရှိသည်။ ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး၌-

"စေတီတော်တည်ရပ်ကား မယ်တော်၊ ခမည်းတော်တို့ စံနေတော်မူသည့် မင်္ဂလာအိမ်တော်ရာ၊ အလောင်းမင်းတရားကြီး ရွှေချက်သိုမြှုပ်ရာဖြစ်၍ နံတော်သင့် 'ရွှေချက်သိုစေတီ'ဟု သမုတ်တော်မူသတည်း"ဟူ၍ ရွှေဘိုနိဒါန်းတွင် ဖော်ပြထားသည်။

၎င်းစေတီတော်ကြီးကို ရတနာသိယ်မြို့တော်နှင့်အတူ ခုနစ်ဌာနတစ်ပြိုင်နက်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဆင်ဖြူရှင် လက်ထက်က ရေးဖွဲ့သောပလိပ်စာချောင်းတွင် "ကျုံး မြို့ နန်းနှင့်နတ်ကွန်းပဟိုရ်၊ ရွှေချက်သိုက၊ ရေညို မြဟန်၊ နန္ဒာကန်ကို"ဟူ၍ ပါရှိခဲ့သည်။ ၎င်းခုနစ်ဌာနကို သက္ကရာဇ် ၁၁၁၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့၌ စတင်တည်ဆောက်ပြီး ၁၆ လအကြာ သက္ကရာဇ် ၁၁၁၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေချက်သိုစေတီတော်ကို ရွှေထီးတင်ခဲ့ပေသည်။

**မော်ဓောမြင်သာ မြို့ထောင့်စေတီတော်**

ဤစေတီ၏ သမိုင်းကြောင်းကို မြန်မာရာဇဝင်ကြီးများနှင့် ဘုရားသမိုင်းစာအုပ်ငယ်တစ်အုပ်တွင် အတော်အတန်စုံလင်စွာ ရေးသားဖော်ပြထားသည်။ ဘုရားဘွဲ့တော်ကို ကြားသိလျှင်ပင် စေတီ၏တည်ရာကိုလည်း ရိပ်စားမိနိုင်ပြီး ပဲခူးရွှေမော်ဓောစေတီကြီးနှင့်လည်း အကျုံးဝင်ပတ်သက်နေကြောင်း အလွယ်တကူ သိသာနိုင်ပါ၏။

သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် နန်းတက်သော အလောင်းမင်းတရားကြီးသည် အောက်မြန်မာနိုင်ငံသို့ စစ်ချီတက်ပြီး ဟံသာဝတီပဲခူးမြို့ကို သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် လုံးဝအောင်နိုင်တော်မူလေသည်။ အလောင်းမင်းတရားကြီးသည် ဟံသာဝတီမင်းက ဆက်သသော ပင်တိုင်စံသမီးတော်နှင့်အတူ အထူးထူးသောအဖိုးတန် လက်ဆောင်တော်များကိုခံယူရရှိပြီးနောက် နေပြည်တော် ရွှေဘိုမြို့သို့ ပြန်လည်ကြွချီလာသည်။ ပဲခူးတွင် စံနေတော်မူစဉ်က ရွှေမော်ဓောဘုရားကို အထူး ကြည်ညိုသောကြောင့် ပန်းချီတော်များကို ပုံတူကူးရေးဆွဲယူစေခဲ့သည်။ ရေးဆွဲသူသည် ပေါ်တူဂီ သံ့ပန်းဖြစ်ပါသည်။

မိမိ၏ ဇာတိဌာန မွေးရပ်မြေ ရွှေဘိုမြို့တွင် ဤပုံစံအတိုင်း စေတီတစ်ဆူတည်ထားရန် ထိုစဉ်ကပင် စိတ်ကူးခဲ့သည်။ နေပြည်တော်သို့ရောက်ရှိပြီး နောက် လများမကြာမီ မြို့အရှေ့မြောက်ထောင့်ရှိ ပကတိ ၁၇ တောင်အမြင့်ရှိသော ဣန္ဒသာလာကုန်းမြင့်ကို ကောင်းစွာပြုပြင်မွမ်းမံပြီး ကုန်းထက်တွင် ရွှေမော်ဓော ပုံစံအတိုင်း စနစ်တကျစေတီတော်တည်ထားစေသည်။ ဤသို့ စေတီတော်တည်ထားရာတွင် အလောင်းမင်းတရားကြီး၏မူအတိုင်း အလွန်သွက်လက်မြန်ဆန်ကြောင်း တွေ့ရသည်။ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးအရ သက္ကရာဇ် ၁၁၁၉ ခုနှစ် ပြာသိုလဆန်း ၂ ရက် တနင်္ဂနွေနေ့တွင် စနစ်တကျ ပန္နက်ချစတင်တည်သော စေတီတော်ကြီးသည် သက္ကရာဇ် ၁၁၂၀ ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် ခမ်းနားကြီးကျယ်စွာဖြင့် ဌာပနာသွင်းတော်မူပြီးနောက် သက္ကရာဇ် ၁၁၂၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၌ အလုံး



ရွှေဘိုမြို့ရှိ မော်ဓောမြင်သာစေတီကို တွေ့ရစဉ်။

စုံပြီးစီး၍ ရွှေထီးတော်အထွတ်တင်လှူကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ စေတီတော်တည်မှုမှာ အစမှအဆုံး ၁၀ လတာမျှသာ အချိန်ကြာသည်။

စေတီတော်ကြီး၏အောက်ခြေ ဖိနပ်တော်မှာ တစ်မျက်နှာလျှင် ၄၅ တောင်ရှိသည်။ စေတီတည်မှုစနစ်အရဆိုလျှင် အောက်ခြေ ၄၅ တောင်ရှိသောကြောင့် ဉာဏ်တော်အမြင့် ၆၇ တောင် တစ်ထွာရှိပါမည်။ (ဖိနပ်တော်အတိုင်းအတာပမာဏ၏ တစ်ဆခွဲသည် ဉာဏ်တော်အမြင့်ဖြစ်သည်။) စေတီတော်မှာ ပဲခူးမြို့မှ ရွှေမော်ဓောစေတီပုံတူ တည်ထားကိုးကွယ်ခြင်းဖြစ်၍ "မော်ဓောမြင်သာ"ဟု ဘွဲ့တော်အမည်သတ်မှတ် ကမ္ပည်းတပ်တော်မူလေသည်။

ဤနေရာတွင် ကုန်းဘောင်ဆက်မင်းများ၏ ကုသိုလ်ပြုရာ စေတီတို့တွင် ဘွဲ့တော်တပ်ပုံဓလေ့တစ်ခုကို လေ့လာမိသည်။ ၎င်းမှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် သောကြာသားဖြစ်သောကြောင့် ဘုရားဘွဲ့တော်မှာ နောက်ဆုံးစာလုံးတွင် မိမိ၏နေ့နံကို ပါဝင်ခေါ်တွင်စေခြင်းဖြစ်သည်။ ရွှေဘိုမြို့ နန်းတည်စကာလက တစ်ပါးတည်းသတ္တဌာန တည်ထားခဲ့သော ရွှေချက်သိုစေတီတွင်လည်း သောကြာနံ နောက်ဆုံးစာလုံးပင်ဖြစ်သည်။ ထို့ပြင် တကောင်းနှင့် ဂူထွတ်ခေါ် မြန်အောင်မြို့၌တည်ထားခဲ့သော စေတီနှစ်ဆူမှာလည်း ရွှေဘုံသာချည်းပင် ဘွဲ့တော်ကမ္ပည်း တပ်ထားလေသည်။

ကုန်းဘောင်မင်းဆက်ပျက်သုဉ်းအပြီး စေတီတော်ကြီးအောက်ခြေကုန်းမြင့်နေရာကို အင်္ဂလိပ်အစိုးရက စစ်တပ်စခန်းချသေနတ်ပစ်ကွင်းလုပ်ခဲ့ပြီး သူ့ကျွန်ဘဝ အခ ဘာသာသာသနာကို စော်ကားခဲ့ကြသည်။

ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ကုသိုလ်တော် မော်ဓောမြင်သာစေတီကြီးသည် ကုန်းဘောင်မင်းဆက်ပျက်သုဉ်းခါနီးအချိန် သက္ကရာဇ် ၁၂၄၇ ခုနှစ် နှစ်ဦးပိုင်းတွင် နိမိတ်ပြသည့်အလား ထီးတော်မြေခခဲ့သည်။ ထို့ကြောင့် ရွှေဘိုမြို့ဝန်အမှူးရှိသော တာဝန်ရှိသူများက ထီးတော်အသစ်တင်လှူရန် စီမံအားထုတ်ဆဲကာလ သက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်၌ သီပေါမင်းနှင့် မိဖုရားတို့ အင်္ဂလိပ်လက်အောက်ကျရောက်ပါတော်မူကြလေသည်။ ကုန်းဘောင်မင်းဆက် ၁၁ ဆက်မြောက် နောက်ဆုံးမြန်မာ့ထီးနန်းကွယ်ပျောက်ခြင်းပင်ဖြစ်သည်။

ပါတော်မူပြီးချိန် တစ်ဆက်တည်း မြန်မာမျိုးချစ်သူပုန်များ ထကြွတော်လှန်လျက်ရှိရာ ရွှေဘိုမြို့နယ်ရှိ သူပုန်များကိုနှိမ်နင်းရန် အင်္ဂလိပ်အစိုးရက ဂေါ်ရာစစ်တပ်ကို စေတီတော်ကြီးအနီးတွင် တပ်စခန်းချထားလေသည်။ ထိုအခါ စစ်တပ်နယ်မြေရှိနေသော အောက်ခြေကုန်းမြင့်မှာ ဂေါ်ရာစစ်တပ်၏ သေနတ်ပစ်လေ့ကျင့်ရာ တောင်ကုန်းအဖြစ် အသုံးပြုကြလေသည်။ မူလကပင် ရွှေထီးအထွတ်ကင်းပလျက်ရှိသော မော်ဓောမြင်သာစေတီကြီးမှာ အင်္ဂလိပ်စစ်တပ်၏သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်ခြင်းကို နေ့စဉ်နှင့်အမျှ ခံနေရပေသည်။

ထို့နောက် မျိုးချစ်သူပုန်များကို အင်္ဂလိပ်အစိုးရက အပြီးသတ်နှိမ်နင်းပြီး တိုင်းပြည်ငြိမ်သက်လျက်နေသားကျလာတော့သည်။ စေတီတော်ကြီးခြေရင်း၌ စခန်းချထားရှိသော ဂေါ်ရာစစ်တပ်အပြီးတိုင် ရုပ်သိမ်းရွှေ့ပြောင်းပြီးနောက် နှစ်အတန်ကြာမှ စစ်နယ်မြေအဖြစ်မှ လွတ်ကင်းတော့သည်။ သက္ကရာဇ် ၁၂၆၄ ခုနှစ်မှ ၁၂၆၅ ခုနှစ်တိုင်ရောက်ရှိမှသာလျှင် စေတီတော်ကြီးကို အသစ်တစ်ဖန်မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးအထွတ် တင်လှူခြင်းနှင့် အောက်ခြေကုန်းဘောင်တစ်လျှောက်မှ ကျည်ဆန်ပေါက်များကို ဖာထေးပြုပြင်ကြရလေသည်။ အချိန်ကာလ ၁၇ နှစ်တင်းတင်း ထီးတော်တင်ပြီး ပူဇော်ခြင်းအလျှင်းမပြုခဲ့ရသော မော်ဓောမြင်သာစေတီကြီးကို ရွှေဘိုမြို့ရှိ မြို့သူ၊ မြို့သားများနှင့် အရာရှိကြီးများ စုပေါင်းလုပ်ဆောင်ခဲ့ကြလေသည်။

ခရစ်နှစ် ၁၇၅၆ ခုနှစ်တွင် သန်လျင်ခံတပ်မှ မွန်ဘက်က ဝိုင်းဝန်းကူညီတိုက်ခိုက်ပေးခဲ့သည့် ပေါ်တူဂီသံ့ပန်းတို့အားထားရှိသော ခင်ဦးမြို့မှ ပုံလှရွာ၊ ရေဦးမြို့ ချမ်းသာရပ်ကွက်တွင် CHURCH ဘုရားဝတ်ပြုကျောင်း၊ ရွှေဘိုမြို့နယ်ရှိ မေဂွန်ကျေးရွာတွင်နေ ပေါ်တူဂီအနွယ်ခရစ်ယာန်လူမျိုးတို့ကို CHURCH ဘုရားကျောင်းကို အလောင်းမင်းတရားကြီးက ခွင့်ပြုတည်ဆောက်ပေးခဲ့သည်။ အလောင်းမင်းတရားကြီးက ရွှေဘိုမြို့မြောက်ဘက် မြေဒူးမြို့သို့ ခရစ်နှစ် ၁၇၅၅ ခုနှစ်က အစ္စလာမ်ဘာသာဝင်များအတွက် ဝတ်ပြုရန် အဆောက်အအုံများတည်ဆောက်ပေးခဲ့၏။

**ရတနာသိခ်ပြည်ကြီးကုန်းဘောင်**

ရန်ကြီးအောင်
ကုန်းဘောင်ခ
ငါးမည်ရပြည်ရွှေဘို
ဘေးရန်ကပြို
မုဆိုးဘို(ဖို)
ရန်ပြိုတဲ့ နာသိယ်(ရတနာသိခ်)
ဘိုးတော်ဒေသ။

သာသနာတော် ၂၂၉၇ ခုနှစ် ကောဇာသက္ကရာဇ် ၁၁၁၅ ခုနှစ် ဝါဆိုလပြည့်ကျော် ကြာသပတေးနေ့သို့ အဝင် ညဦးသုံးချက်တီးကျော် ကောင်းမြတ်သောမင်္ဂလာအခါတော်တွင် ရွှေအုတ်၊ ငွေအုတ်၊ ကြေးအုတ်၊ မိုးကြိုးအုတ်၊ ကြေးနီအုတ်၊ သံအုတ်၊ မြေအုတ် အုတ်ခုနစ်ပါးတို့ကို အရှေ့မျက်နှာ မြောက်စွန်း ဗုဒ္ဓဟူးသားအလယ် ကြာသပတေးတောင်စွန်း တနင်္ဂနွေသားတို့ကို နေစေ၍ တစ်ပြိုင်နက်စေရာဟု ပညာရှင်တို့ သက်သွင်းအခါတော်ပေးခါ ၁။ မြို့တော်၊ ၂။ နန်းတော်၊ ၃။ ကျုံးတော်၊ ၄။ မဟာနန္ဒာကန်တော်၊ ၅။ နတ်ကွန်းတော်၊ ၆။ ရွှေချက်သိုစေတီတော်၊ ၇။ ပဟိုရ်စည်တော် သတ္တခုနစ်ဌာနကို တစ်ပြိုင်နက်တည်း ပန္နက်ချခဲ့လေသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက "ရတနာသိခ်ပြည်ကြီးကုန်းဘောင်"ဟု ခေါ်တွင်စေခဲ့သည်။

**ကုန်းဘောင်ဟု ခေါ်ဝေါ်ခြင်းအကြောင်း**

ကုန်းဘောင် ကုန်းဘောင်မင်းဆက်ဟု ခေါ်ဝေါ်ကြခြင်းက အကြောင်းအမျိုးမျိုးသောအနက်အဓိပ္ပာယ်ဖွင့်ခဲ့ကြ၏။ ထိုအမျိုးမျိုးဖွင့်ဆိုချက်များ မမှားပါ။ သို့ရာတွင် အမျိုးမျိုးဖွင့်ဆိုချက်သုံးမျိုးကို တင်ပြပါရစေ။

**ကုန်းဘောင်**

ကုန်းဘောင်မြို့ဟု ခေါ်ဝေါ်ခြင်းအကြောင်းကား မုဆိုးဖိုမြို့ အရှေ့ဘက်တွင် ပုဂံခေတ် အလောင်းစည်သူမင်းတည်ထားခဲ့သော ကုန်းဘောင်ရိုးတောင်မြောက်ရှိသည်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ကုန်းဘောင်ပြည်ကြီးမှသည် သီပေါမင်းတိုင်အောင် မင်း ၁၁ ပါးကို ဤကုန်းဘောင်ပြည်ကြီးမှ စတင်ပေါက်ဖွားခဲ့ခြင်းဖြစ်၍ ကုန်းဘောင် ၁၁ ဆက်ဟူ၍ သုံးနှုန်းလေ့ရှိသည်။

**ကုန်းဘောင်ဟူသည်**

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက မေးသည်ကို ပညာရှိသုခမိန်က သက္ကရာဇ် ၁၁၁၅ ခုနှစ် ကုန်းဘောင်ဟု သမုတ်သော် ဘုန်းတော်ကြီး၍ သက်တော်ရှည်မည်၊ သားတော်အစဉ် မြေးတော်အဆက် ဇေရာဇ်ချည်းဖြစ်မည်ဟူသော နိမိတ်ဩဘာ ရပါသည်ဘုရားဟု ဖြေလျှောက်သည်။

**ကုန်းဘောင်မင်းဆက်ခေါ်ဆိုချက်**

အသမ္ဘိန္နခတ္တိယ သာကီဝင်မင်းမျိုးသည် မြန်မာနိုင်ငံတော် တကောင်းမင်း အဘိရာဇနှင့်ဆက်၏။ ၎င်းမှ သရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ (ပန်းယ)၊ အင်းဝသို့တိုင်အောင်ဆင်းသက်၏။ ညောင်ရမ်းမင်း ၁၀ ဆက်၊ ဟံသာဝတီပါမင်းလက်ထက် အင်းဝ၌ သာကီဝင်မင်းမျိုးပြတ်စဲသွား၏။ အလောင်းမင်းတရားသည် ပြတ်စဲသွားသော သာကီဝင်မင်းမျိုးကို ပြန်လည်ဆက်သွယ်သောကြောင့် လှေနှင့်ကမ်း သွယ်တန်းပေးသော ကုန်းဘောင်နှင့်တူသောကြောင့် ကုန်းဘောင်မင်း၊ ကုန်းဘောင်ပြည်ထောင်မင်းဟု ခေါ်တွင်လေသည်။

**ကုန်းဘောင်မင်း ၁၁ ဆက်**

ကုန်းဘောင်မင်းဆက် ၁၁ ဆက်မှာ ဦးအောင်ဇေယျ(အလောင်းမင်းတရားကြီး)၊ မောင်လောက်(နောင်တော်ကြီး)၊ မောင်ယွ(ဆင်ဖြူရှင်)၊ မောင်ရဲလှ(စဥ့်ကူးမင်း)၊ မောင်မောင်(ဖောင်းကားစား)၊ ဦးဝိုင်း(ဘိုးတော်)၊ ဦးဇင်း(ဘကြီးတော်)၊ ဦးခင်(သာယာဝတီ)၊ ဦးလူကလေး(ပုဂံမင်း)၊ ဦးလွင်(မင်းတုန်းမင်း)၊ ဦးမိုးဆက်(သီပေါမင်း)တို့ဖြစ်သည်။

မှတ်ချက်-ကုန်းဘောင်မင်းဆက် ၁၁ ဆက်၏ နန်းစံသက်မှာ ၁၃၃ နှစ်ဖြစ်၏။

**ကိုးကား**

- ရွှေဘိုနိဒါန်း

ရွှေဘိုဘာမထိခင်အောင်

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**


## ရန်စတတ်သော မျောက်ကလေး

သားသားမီးမီးလေးတို့ကို ဦးဦးက မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်လိုက်ပါတယ်ကွယ်။ ဒီတစ်ပတ် ပုံပြင်အစီအစဉ်ကနေ ဦးဦးပြောပြချင်တဲ့ပုံပြင်လေးကတော့ “ရန်စတတ်သော မျောက်ကလေး”လို့ အမည်ပေးထားတဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြောပြပေးမှာ ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ် တောအုပ်ကြီးတစ်ခုမှာ မောင်တိုနဲ့မောင်ညိုလို့ခေါ်တဲ့ မျောက်ကလေး နှစ်ကောင်ရှိသတဲ့။ မျောက်ကလေးနှစ်ကောင်က အခြားမျောက်ကလေးတွေနဲ့အတူ နေကြသတဲ့ကွယ်။ အဲဒီတောကြီးထဲမှာ မျောက်ကလေးတွေအပြင် ဆင်တွေ၊ မြင်းတွေ၊ တောကြက်တွေ၊ သမင်၊ ဒရယ်၊ ယုန်၊ ခွေး၊ ကျား၊ ကျားသစ်နဲ့ မြွေတွေပါစုပေါင်းပြီးနေထိုင်ကြသတဲ့ကွယ်။

မောင်တိုနဲ့ မောင်ညိုလို့ခေါ်တဲ့ မျောက်ကလေး နှစ်ကောင်က ညီအစ်ကိုတွေဆိုကြပေမဲ့ အကျင့်စရိုက်ချင်းတော့ မတူကြဘူးတဲ့ကွယ်။ မောင်ညိုဆိုတဲ့မျောက်ကလေးက စိတ်ကောင်းနှလုံးကောင်းရှိပြီး အရာရာကို စဉ်းစားဆင်ခြင်တတ်သလောက် မောင်တိုဆိုတဲ့ မျောက်ကလေးက နာမည်နဲ့လိုက်အောင်ပဲ အစား အစာတွေကို နှမြောတွန့်တိုတတ်ပြီး အစားလဲ ပုပ်သတဲ့။ ပြီးတော့ သူထက်အသက်ငယ်တဲ့မျောက်ကလေးတွေအပေါ်မှာလဲ အနိုင်ကျင့်ဗိုလ်ကျတတ်သလို သူထက်အသက်ကြီးတဲ့မျောက်ကြီးတွေကိုလဲ ရိုသေလေးစားမှုမရှိဘူးတဲ့ကွယ်။ အသီးအနှံတွေကိုလဲ ဦးဦးဖျားဖျားခူးစားရမှ ကျေနပ်သတဲ့။ အခြားမျောက်တွေ အိပ်စက်အနားယူနေတဲ့အချိန်မျိုးမှာဆိုရင်လဲ မောင်တိုဆိုတဲ့မျောက်ကလေးက အိပ်မရအောင် အမြဲတမ်းနှောင့်ယှက်တတ်တယ်တဲ့။ ပြီးတော့ သူတို့တောအုပ်ကြီးထဲကို လေးသမားမုဆိုးတွေလာရင်လဲ အခြားမျောက်တွေက ပုန်းအောင်းနေကြချိန် မျောက်ကလေးမောင်တိုက မုဆိုးတွေမမြင်မြင်အောင်လုပ်ပြီး ပြဿနာရှာတတ်သတဲ့ကွယ်။ တစ်နေ့တော့ မျောက်တွေကိုအုပ်ချုပ်နေတဲ့ မျောက်အကြီးအမှူးက မျောက်တွေကိုစုဝေးပြီး အခုလိုပြောသတဲ့ကွယ်။

“အဆွေတို့ အခုဆိုရင် ကျုပ်တို့ရှိတဲ့အရပ်ကို လူတွေကသိသွားကြပြီ။ အဲဒီအတွက် ကျုပ်တို့မှာ အန္တရာယ်ရှိနေပြီ။ မကြာခင်မှာ ကျုပ်တို့မျောက်တွေ ဒုက္ခရောက်ရတော့မယ်။ အဲဒီတော့ ကျုပ်တို့တွေ ဒီနေရာကနေ အခြားနေရာကို ပြောင်းရွှေ့ကြရမယ် အားလုံးပြင်ဆင်ကြတော့”လို့ဆိုကာ အမြန်ဆုံးနေရာ ပြောင်းကြသတဲ့ကွယ်။



ဒါပေမဲ့ မျောက်ကလေးမောင်တိုက အခြား မျောက်တွေနောက် လိုက်မသွားဘဲ ကျန်ရစ်ခဲ့သတဲ့ကွယ်။ မျောက်ကလေးမောင်တို ကျန်ရစ်ခဲ့တော့ အစ်ကိုဖြစ်တဲ့ မျောက်ကလေးမောင်ညိုကပါ ကျန်ခဲ့ရတာပေါ့။ “ညီလေး မင်းကိုငါစိတ်မချဘူး။ မင်းကဘာမှစဉ်းစားဆင်ခြင်မှုလဲမရှိဘူး။ လုပ်ချင်ရာ လုပ်တဲ့ကောင်။ မင်းဒုက္ခရောက်မှာစိုးလို့ ငါပါကျန်ရစ်ခဲ့တယ်”လို့ အစ်ကိုဖြစ်သူမျောက်ကလေးမောင်ညိုက ပြောတာပေါ့။

ဒါပေမဲ့ မျောက်ကလေးမောင်တိုက နားမလည်ဘူး။ “ငါကဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ”လို့ ပြန်ပြောသတဲ့။

မောင်ညိုက “မင်းက လူတွေကိုသွားပြီးရန်စတတ်တယ်။ အဲဒါဆိုရင် လူတွေက မင်းကိုလာပြီးဒုက္ခပေးလိမ့်မယ်။ မင်းဘယ်လိုလုပ်မလဲ”လို့ မေးတယ်။

မောင်တိုကတော့ “လာစမ်းပါစေကွာ။ လူတွေက ငါတို့လို သစ်ပင်တက်တာကျွမ်းလို့လား။ ငါတို့က သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင် ကူးသန်းပြေးလွှားနိုင်တယ်။ ငါတို့ကို ဒုက္ခပေးလို့မရနိုင်ပါဘူးကွာ”လို့ ပြန်ပြောသတဲ့။

နောက်ရက်မကြာခင်မှာဘဲ မျောက်ကလေး မောင်ညိုပြောတဲ့အတိုင်း လေးသမားမုဆိုးတွေ ရောက်လာကြသတဲ့ကွယ်။ ဒါကိုသိတဲ့မျောက်ကလေး မောင်ညိုက “ညီလေးမောင်တို လေးသမားမုဆိုးတွေ အများကြီးပဲရောက်လာကြပြီ။ ဒီတစ်ခါတော့ သူတို့မမြင်အောင်ပုန်းနေလိုက်ပါညီလေးရယ်။ အထူးသဖြင့် လူတွေကိုရန်မစပါနဲ့။ ရန်စတယ်ဆိုတာ ကောင်းတဲ့အလုပ်မဟုတ်ပါဘူးကွာ”လို့ ပြောသတဲ့။

ဒါပေမဲ့ မျောက်ကလေးမောင်တိုက အစ်ကိုဖြစ်သူ မျောက်ကလေးမောင်ညို ပြောစကားကိုနားမထောင်ဘူးတဲ့ကွယ်။ ကြောက်လဲမကြောက်ဘူးတဲ့။ မကြောက်တဲ့အပြင် လူတွေမမြင်အောင်ပုန်းအောင်းပြီးမနေဘဲ “ဟေ့ကောင် မောင်ညို မင်းကြည့်နေလိုက်။ အဲဒီ လေးသမားမုဆိုးတွေကို ငါရန်စပြမယ်၊ ငါဒုက္ခပေးပြမယ်”လို့ဆိုကာ သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင် တက်လိုက်ဆင်းလိုက်နဲ့ လေးသမားမုဆိုးတွေကို ရန်စတော့သတဲ့။

လေးသမားမုဆိုးတွေက မျောက်ကလေးမောင်တိုကို သူတို့မှာပါလာကြတဲ့မြားတွေနဲ့ ဝိုင်းပြီးပစ်ကြတာပေါ့။ ခဏတော့ ပစ်လို့မရဘူးပေါ့ကွယ်။ မျောက်ကလေးမောင်တိုကလဲ သူ့ကို လေးသမားမုဆိုးတွေက မြားနဲ့ပစ်လို့မရဘူးလို့ထင်ပြီး သူ့ကိုယ်သူကျေနပ်နေသတဲ့။ ဒါပေမဲ့ အချိန်တွေကြာလာတော့ မျောက်ကလေးမောင်တိုမှာ သစ်ပင်တွေတစ်ပင်ပြီးတစ်ပင် တက်ရဆင်းရပြေးရလွှားရတာနဲ့ ခြေကုန်လက်ပန်းကျပြီး မောလာတော့တာပေါ့။ နောက်ဆုံး ဘယ်လိုမှ သစ်ပင်ပေါ်မှာဆက်ပြီးမပြေးနိုင်တော့ဘဲ မြေပြင်ပေါ်ကိုပြုတ်ကျကာ လေးသမားမုဆိုးတွေရဲ့ဖမ်းဆီးတာကို ခံလိုက်ရသတဲ့။ ဒီတော့မှ သူ့ကိုယ်သူ အများကြီးမှားသွားမှန်းသိတော့သတဲ့ကွယ်။

ကဲ သားသားမီးမီးလေးတို့လဲ မျောက်ကလေး မောင်တိုလို မစဉ်းစားမဆင်ခြင်ဘဲ လုပ်ချင်ရာလုပ်တတ်တဲ့အကျင့်၊ ရန်စတတ်တဲ့အကျင့်၊ လူလူချင်းဒုက္ခပေးချင်တဲ့အကျင့်၊ အဲဒီလို မကောင်းတဲ့အကျင့်လေးရှိနေကြရင် ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ပြုပြင်ကြပြီး ဘဝတစ်လျှောက်လုံး လူတော်လူကောင်းကလေးတွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေကွယ်။

**ကိုရွှေတောသား(ဆင်ကူး)**

## တာဝန်ကိုယ်စီ

♦ ကျောင်းနေပျော်၍ စာတတ်ရန်
နှစ်ဖက်အပြန်လှန်။

♦ သင်ကြားသမျှ မှတ်ရမှာ
ကျောင်းသားတာဝန်သာ။

♦ မခြွင်းမချန် သင်ကာပြ
ဆရာ့တာဝန်ပ(ပဲ့)။

♦ နေ့စဉ်နှစ်ဖြာ အားထုတ်ပေး
အနာဂတ်လှရေး။
ပန်းတိုင်းပွင့်ပျံ့မွှေး။ ။

**မောင်မောင်လှဦး(မြန်မာစာ)**



## စိုက်ခင်းကလေး

♦ တို့အိမ်စိုက်ခင်း သီးနှံစုံ
ငရုတ်၊ သခွား၊ ဘူး၊ ဖရုံ၊
မုန်ညင်း၊ ချဉ်ပေါင် ရှင်သန်ထွား
စားသုံးမကုန် ဖူလုံပွား။

♦ အိမ်နီးနားချင်း ပေးဝေကာ
အားလုံးရင်မှာ ပီတိဖြာ၊
မေတ္တာနှလုံး အစဉ်သုံး
ကြည်နူးဝမ်းသာ ပျော်မဆုံး။ ။

**ကန်မြဲချစ်မင်းဝေ**



# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**


# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၂၂၈ သန်းပိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဩဂုတ် ၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂၈ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှု မူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများက တရုတ်နိုင်ငံသို့ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၆၈၃ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံမှ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၅၄၅ သန်းဖိုး တင်သွင်းခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအခြေအနေကတော့ လေးလတာကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၂၂၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ဆုံးရရှိထားတဲ့စာရင်းအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေ ၁ ရက်ကနေ ဇူလိုင် ၃၁ ရက်ထိ ကာလအတွင်းမှာ ပို့ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၆၈၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုကနေ အမေရိကန်ဒေါ်လာ ၅၄၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ကာလတူနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အခုဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာသန်း ၄၇၀ ကျော်ဖိုး ပိုမိုကုန်သွယ်နိုင်ခဲ့တာလဲဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှု မူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ အပါအဝင် ကြက်သွန်၊ ငရုတ်၊ ရော်ဘာ၊ ရေထွက်ကုန်ပစ္စည်းများကို တင်ပို့နေပြီး တရုတ်နိုင်ငံက ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ စားသောက်ကုန်၊ ဆေးဝါးများ တင်သွင်းနေကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို မြန်မာ-တရုတ် နယ်စပ်ဒေသများတွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်း၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်း၊ ကံပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်း စသည့်နယ်စပ်ကုန်သွယ်ရေးစခန်းများက နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူထံမှ သိရသည်။

ASH

# ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၄ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထုတ်ချေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ရေနံချောင်းမြို့နယ် ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ်သိန်း ၃၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄၂ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၄ ဦးကို ငွေကျပ်သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

# ရတနာပုံခန်းမ











**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ပဒေသာကပွဲ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊
ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂


## တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်နေ ဒေါ်ဝင့်ဝါစိုး (ဘ) ဦးမြင့်သန်း(၁၂/လကန(နိုင်)၁၉၅၂၉၆) နှင့် ဒေါ်လှလှမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဝင့်ဝါစိုး(ခ)ဒေါ်လှလှမြင့်(၁၂/လကန(နိုင်)၁၉၅၂၉၆)

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မန္တလေးအမရပူရမြို့နယ်၊မောင်းတန်းရပ်နေ (ဘ) ဦးကြည်ညွန့်၏သမီး မပန်းအိ (၉/အမရ(နိုင်)၀၈၆၉၇၃) ၏အမည်မှန်မှာ မရွှေစင်ဝင်း(ခ)မပန်းအိ၊ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်အရ ၁၃-၁-၁၉၇၉ ဖြစ်ပါကြောင်း။

မရွှေစင်ဝင်း(ခ)မပန်းအိ (၁၃-၁-၁၉၇၉)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ရန်သူ
မီးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**စာအုပ်စာပေ လူ့မိတ်ဆွေ**

❖ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး သုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီး...

❖ မီဒီယာသည် မဏ္ဍိုင်ကြီး သုံးခုကို မယိမ်းယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# မာရဝိဇယကျောက်စာရုံစေတီများကို အင်္ဂလိပ်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လေ့လာနိုင်



**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို

**စာမျက်နှာ ၁၇ ကော်လံ ၁☆**

**အင်္ဂလိပ်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသည့် မာရဝိဇယကျောက်စာရုံစေတီများကို ကြည်ညိုဖွယ်ရာတွေ့ရစဉ်။**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၀



## အမျိုးသမီး ကမ္ဘာ့ဖလား ရှုံးထွက်အဆင့်တွင် စပိန်အသင်းက ဆွစ်ဇာလန်ကို ဂိုးပြတ်အနိုင်ယူ၍ ကွာတားအဆင့်သို့ တက်ရောက်

စာမျက်နှာ - ၈

**နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင် (၅-၈-၂၀၂၃)**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ (၅-၈-၂၀၂၃)**

| | | | |
|---|---|---|---|
| ခန္တီး | ၄ ဒသမ ၈၄ လက်မ | ပိုင်ကျုံ | ၃ ဒသမ ၆၀ လက်မ |
| ဘီးလင်း | ၄ ဒသမ ၈၄ လက်မ | ကျိုက်ဒုံ | ၃ ဒသမ ၂၀ လက်မ |
| ကော့ကရိတ် | ၃ ဒသမ ၆၇ လက်မ | ရှမ်းရွာသစ် | ၃ ဒသမ ၀၇ လက်မ |

